**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

စိတ်သည် အရာရာကိုဦးဆောင်၏။ စိတ်သည် အမွန်မြတ်ဆုံးဖြစ်၏။ စိတ်သည် အရာရာကို ပြီးစီးစေ၏။ ကြည်လင်သောစိတ်ဖြင့် ပြုမူ ပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။ အေးမြသော အရိပ်သည် အစဉ်လိုက်ပါသည်နှင့်တူ၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

**သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက် မြဝတီ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၄၁)

၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်
၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၆ ရက်၊ သောကြာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့်အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၂၁)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး (ACDFM-21) ကျင်းပပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၅**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၂၁)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး 21st ASEAN Chiefs Of Defence Forces Meeting (21st ACDFM) ကို ယနေ့နံနက်ပိုင်းတွင် ဗီယင်ကျန်းမြို့ရှိ Latsavong Wanda Vista Hotel ၌ ကျင်းပပြုလုပ်သည်။

အဆိုပါအစည်းအဝေးသို့ မြန်မာ့တပ်မတော်မှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး ဦးဆောင်တက်ရောက်ပြီး ဆက်စပ်အစည်းအဝေးများဖြစ်သည့် 14th ASEAN Military Operations Meeting (14th AMOM) သို့ တက်ရောက်လျက်ရှိသည့် **စာမျက်နှာ ၅ ကော်လံ ၁** ○




မြန်မာ့တပ်မတော်မှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး (၂၁)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး 21stASEAN Chiefs Of Defence Forces Meeting (21st ACDFM) တွင် အစည်းအဝေးတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်စဉ်။

## ပြည်ပရောက်မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် မိမိတို့ရရှိသည့် လုပ်ခလစာများကို တရားဝင်လမ်းကြောင်းများမှတစ်ဆင့် လွှဲပြောင်းပေးပို့ရန်သတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**အလုပ်သမားဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ် ( ၁၀၈ /၂၀၂၄)**
**၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆုတ် ၉ ရက်**
**(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)**

အလုပ်သမားဝန်ကြီးဌာနသည် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေပုဒ်မ ၃၁ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

**ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် မိမိတို့ရရှိသည့် လုပ်ခလစာများကို တရားဝင်လမ်းကြောင်းများမှတစ်ဆင့် လွှဲပြောင်းပေးပို့ရန်သတ်မှတ်ခြင်း**

၁။ ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်နေသည့် အလုပ်သမားများသည် ပြည်ပနိုင်ငံတွင် မိမိရရှိမည့် လုပ်ခလစာ၏ အနည်းဆုံး ၂၅ % ကို မိမိ၏မိသားစုဝင်များထံသို့ တရားဝင်ဘဏ်စနစ်ဖြင့်ဖြစ်စေ၊ **စာမျက်နှာ ၉ ကော်လံ ၃** ■

**အိန္ဒိယနိုင်ငံ၊ National Defence College သင်တန်းသားများ မြန်မာနိုင်ငံရှိ အထင်ကရနေရာများသို့ လေ့လာရေးခရီးစဉ်အဖြစ် လာရောက်လေ့လာ** *စာ - ၁၁ သို့*

**သန့်ရှင်းသောလေရရှိဖို့ ရင်းနှီးမြှုပ်နှံမှုစတင်စို့** *ဆောင်းပါး စာ - ၁၂ သို့*

**ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရန် ၂၄ ရက်သာ လိုတော့သည်။**




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၆ ရက်)

# သန့်ရှင်းသောလေရရှိဖို့ ရင်းနှီးမြှုပ်နှံမှုစတင်စို့

လူသားတို့အသက်ရှင်သန်နေထိုင်ရေးတွင် သန့်ရှင်းသောလေရရှိဖို့ အလွန်အရေးကြီးသည်။ လေရှိနေသည့်အတွက် သက်ရှိသက်မဲ့အားလုံးရှင်သန်နေထိုင်နိုင်ကြခြင်းဖြစ်သည်။ လေ၏အရေးပါအရာရောက်မှုကို လူသားတို့ပိုမိုထင်ရှားစွာသိစေနိုင်ရန်အတွက် ၂၀၁၉ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သည့် (၇၄)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ဆုံးဖြတ်ချက်(၇၄/၂၁၂)အရ လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့်အကြောင်းရင်းများ၊ အကျိုးသက်ရောက်မှုများနှင့်လေထုအရည်အသွေးကို တိုးတက်လာစေမည့်ဖြေရှင်းနည်းများကို ပိုမိုသိရှိနားလည်လာစေရန်အတွက် ''အပြည်ပြည်ဆိုင်ရာသန့်ရှင်းသောလေထုနေ့''အခမ်းအနားကို နှစ်စဉ်ကျင်းပပြုလုပ်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ကမ္ဘာတစ်ဝန်းတွင် အပြည်ပြည်ဆိုင်ရာသန့်ရှင်းသောလေထုနေ့ကို ၂၀၂၀ ပြည့်နှစ်မှစတင်၍ နှစ်စဉ် စက်တင်ဘာလ ၇ ရက်နေ့တွင်ကျင်းပပြုလုပ်ခဲ့ရာ၂၀၂၄ ခုနှစ်တွင် ပဉ္စမအကြိမ်မြောက်အထိရှိလာခဲ့ပြီး ယခုနှစ်အတွက်ဆောင်ပုဒ်မှာ **''သန့်ရှင်းသောလေရရှိဖို့ ရင်းနှီးမြှုပ်နှံမှုစတင်စို့''**ဖြစ်သည်။

နိုင်ငံတိုင်းတွင်အပြည်ပြည်ဆိုင်ရာသန့်ရှင်းသောလေထုနေ့ကျင်းပကြခြင်းမှာ လေထုညစ်ညမ်းမှုကို ကိုင်တွယ်ဖြေရှင်းရာတွင် ကမ္ဘာလုံးဆိုင်ရာဆောင်ရွက်ချက်များကို ပိုမိုမြှင့်တင်နိုင်ရန်၊ အသိပညာပေးနိုင်ရန်၊ လေထုညစ်ညမ်းမှုကိုပိုမိုနားလည်သတိပြုမိစေရန်နှင့် လေထုညစ်ညမ်းမှုကို တုံ့ပြန်ဖြေရှင်းနိုင်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာဆောင်ရွက်မှုကိုမြှင့်တင်ရန်၊ လေထုညစ်ညမ်းမှုကိုဖြစ်ပေါ်စေသည့်အကြောင်းရင်းများ၊ အကျိုးသက်ရောက်မှုများနှင့်လေထုအရည်အသွေးတို့ကို တိုးတက်လာစေမည့်ဖြေရှင်းနည်းများကို ပိုမိုသိရှိနားလည်စေရန်၊ သန့်ရှင်းသောလေထုရရှိလာစေရန် အစီအစဉ်များချမှတ်ဆောင်ရွက်နိုင်ရန် စသည်တို့ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏အဆိုအရ ကမ္ဘာ့လူဦးရေ၏ ၉၉ ရာခိုင်နှုန်းနီးပါးခန့်သည် ညစ်ညမ်းသောလေကိုရှူရှိုက်နေရကြောင်းသိရှိရသည်။ လေထုသည် ဓာတ်ငွေ့အများအပြားရောနှောပါဝင်နေသည့်အရောအနှောတစ်မျိုးဖြစ်လာသည်။ သန့်စင်သောလေထုတွင် အဓိကအားဖြင့် နိုက်ထရိုဂျင် ၇၈ ရာခိုင်နှုန်း၊ အောက်ဆီဂျင် ၂၁ ရာခိုင်နှုန်း၊ အခြားဓာတ်ငွေ့ ၁ ရာခိုင်နှုန်း (အများအားဖြင့် အာဂွန်၊ နီယွန်၊ ဟီလီယမ်၊ မီသိန်း၊ ခရစ်ပ်တန်၊ ဟိုက်ဒရိုဂျင်)ပါရှိသည်။ ထိုသတ်မှတ်ပမာဏထက် ပိုမိုပါဝင်နေပါက လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေနိုင်သည်။ လူသားများနေ့စဉ်ရှူရှိုက်ရန်အတွက် သန့်စင်သောလေကိုရရှိရန် လိုအပ်သည်။

လေကောင်းလေသန့်သည် လူသားတို့အတွက် အောက်ဆီဂျင်ပမာဏကိုတိုးစေပြီး သွေးဖြူဥများကို ကူညီထောက်ပံ့ပေးခြင်း၊ ကိုယ်ခံအားစနစ်ကိုအားကောင်းစေခြင်း၊ အဆုတ်၊ နှလုံးနှင့်သွေးလွှတ်ကြောဆိုင်ရာရောဂါများဖြစ်နိုင်ခြေကိုလျှော့ချပေးခြင်း၊ အဆုတ်ကိုသန့်ရှင်းစေခြင်း၊ ပန်းနာရင်ကျပ်နှင့်ဓာတ်မတည့်မှုလက္ခဏာများလျော့ကျစေခြင်း၊ စိတ်ကြည်လင်လန်းဆန်းစေခြင်း၊ အစာခြေဖျက်စနစ်ကောင်းမွန်စေခြင်း၊ သက်ရှိဂေဟစနစ်ကောင်းမွန်လာခြင်းတို့ဖြင့် ကောင်းကျိုးကိုပြုလျက်ရှိသည်။ ထို့ကြောင့် လူသားတိုင်းက မိမိတို့ကိုကောင်းကျိုးပြုနေသောလေထုကို သန့်ရှင်းစေအောင် ဂရုစိုက်ကြရမည်ဖြစ်သည်။

လေကောင်းလေသန့်သည် ကောင်းကျိုးဖြစ်ထွန်းစေသကဲ့သို့ လေထုညစ်ညမ်းနေပါကလည်း ကမ္ဘာကြီးပူနွေးလာခြင်း၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်း၊ အပူချိန်မြင့်တက်လာခြင်း၊ ရာသီဥတုပြောင်းလဲလာခြင်း၊ အဏ္ဏဝါရေစီးကြောင်းများပြောင်းလဲလာခြင်း၊ အပင်နှင့်တိရစ္ဆာန်များအပေါ်ထိခိုက်နိုင်မှုများပြားလာခြင်း၊ စိုက်ပျိုးရေးအထွက်နှုန်းများ ပြောင်းလဲလာခြင်း၊ ကူးစက်ရောဂါများဖြစ်ပွားခြင်းနှင့်အက်စစ်မိုးများရွာသွန်းခြင်း စသည့်ဆိုးကျိုးများသက်ရောက်လာနိုင်သည်။ လေထုညစ်ညမ်းခြင်းကြောင့် လူသားတို့တွင် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ နှလုံးဆိုင်ရာရောဂါများ၊ အဆုတ်ရောင်ရောဂါများ၊ ပန်းနာရင်ကျပ်ရောဂါများ၊ ချောင်းဆိုးခြင်း၊ လည်ချောင်းယားယံခြင်း၊ မျက်ခမ်းစပ်ခြင်းနှင့်မျက်ရည်ယိုခြင်း၊ နှာစေးခြင်း၊ ခေါင်းကိုက်ခြင်း၊ မူးဝေခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ လေထုညစ်ညမ်းမှုကြောင့် မြင်ကွင်းရှင်းလင်းမှုကို လျော့နည်းစေခြင်းတို့ဖြစ်စေသည်။

လူသားတို့စွမ်းအားသည် ကြီးမားလှသည်။ အဆိုးရှိလျှင် အကောင်းရှိအောင် လုပ်ဆောင်နိုင်စွမ်းရှိသည်။ လေထုညစ်ညမ်းမှုအား လျှော့ချနိုင်မည့်နည်းလမ်းများကိုလည်း သိရှိလုပ်ဆောင်ကြရမည်ဖြစ်သည်။ ထင်း၊ မီးသွေးများကို လျှော့ချသုံးစွဲခြင်း၊ လေဝင်လေထွက်ကောင်းအောင်ဆောင်ရွက်ခြင်း၊ ဖယောင်းတိုင်၊ အမွှေးတိုင်၊ ခြင်ဆေးခွေအသုံးပြုမှုများကိုလျှော့ချခြင်း၊ အနံ့မွှေးစေရန်အသုံးပြုသော Air Fresher များ အသုံးပြုခြင်းမှရှောင်ကြဉ်ခြင်းတို့လုပ်ဆောင်ရမည်။ စိုက်ပျိုးရေးတွင် ဓာတုဗေဒဆေးအစား ဇီဝဗေဒဆေးများအသုံးပြုခြင်း၊ လောင်စာဆီသုံးစွဲမှုလျှော့ချခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာများကို စားသုံးခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များအားအသုံးပြုခြင်း၊ စွမ်းအင်သုံးစွဲမှုသက်သာသည့် လျှပ်စစ်ပစ္စည်းများကိုသုံးစွဲခြင်း၊ ဆေးလိပ်သောက်ခြင်းကိုရှောင်ကြဉ်ခြင်း၊ မီးရထား၊ ဘတ်စကား၊ သင်္ဘော စသည့်အများပြည်သူသုံးယာဉ်များအသုံးပြုခြင်းတို့ဖြင့် လေထုညစ်ညမ်းမှုကိုကာကွယ်ကြရမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် **''သန့်ရှင်းသောလေရရှိဖို့ ရင်းနှီးမြှုပ်နှံမှုစတင်စို့''**ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ
## ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-
- (က) သာသနာ့ဝန်ထမ်းများ။
- (ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။
- (ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
- (ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
- (င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ
- (က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။
- (ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
- (ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။
- (ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။
- (င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။
- (စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်တစ်ပတ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။
- (ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသောတပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။
- (ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၅

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်ရေ/သုံးရေများဖူလုံမှုရရှိစေရန်ရည်ရွယ်၍ နေပြည်တော်ကောင်စီခွင့်ပြုရန်ပုံငွေများဖြင့် ပေတုန်းမျှောင်ကျေးရွာအုပ်စု ဆည်ကြီးကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာလ ၅ ရက်နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် လယ်ဝေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သူရနှင့်အင်ဂျင်နီယာဝန်ထမ်းများသည် သောက်သုံးရေရရှိရေးအတွက် ဆည်ကြီးကျေးရွာတွင် ရေထွက်ပင်ရင်းမှကျေးရွာအထိ အရှည်ပေ ၄၀၀၀၊ အကျယ် ၂ လက်မရှိ ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆည်ကြီးကျေးရွာ၌ အဆိုပါကျေးလက်ရေရရှိရေးလုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီခွင့်ပြုရန်ပုံငွေကျပ် ၁၁ ဒသမ ၆၁၆ သန်းကို အသုံးပြုကာ တင်ဒါအောင်မြင်သည့် Million Best ကုမ္ပဏီမှ ယခုနှစ် ဇူလိုင်လတတိယပတ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၉၀ ရာခိုင်နှုန်းခန့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **မောင်ခိုင်**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် စက်တင်ဘာ ၅

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှလှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့်ရှိနိုင်သည်။ **(မိုး/ဇလ)**

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ကျောက်ဖြူမြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ကျောက်ဖြူ စက်တင်ဘာ ၅

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၄ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို စက်တင်ဘာလ ၅ ရက်တွင် ကျောက်ဖြူမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးဟံစိုး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး နေထွန်းလင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးတင်ရွှေ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးမင်းထွဏ်းနှင့် ခရိုင်ပညာရေးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သန်းတို့က ကျွန်း၊ ပျဉ်းကတိုး၊ ကံ့ကော်၊ ပိတောက်နှင့် ခရေပင်များကို စုပေါင်းစိုက်ပျိုးကြသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁)နှင့် တာဝန်ရှိသူများသည် ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုအား ကြည့်ရှုအားပေးကြသည်။

ကျောက်ဖြူမြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်းပင် ၁၀ ပင်၊ ပျဉ်းကတိုးပင် ၂၀၊ ပိတောက်ပင် ၁၀ ပင်၊ ခရေပင် ၁၀ ပင်၊ ကံ့ကော်ပင် ၁၀ ပင်နှင့် မန်ဂျန်ရှားပင် ၄၄၀ စုစုပေါင်းအပင် ၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**တင်ထွန်းဦး (ပြန်/ဆက်)**



# စစ်ကိုင်းခရိုင်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသောနွေစပါးများ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

စစ်ကိုင်း စက်တင်ဘာ ၅

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသောနွေစပါးများ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် စစ်ကိုင်းခရိုင်၌ နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသောနွေစပါးစိုက်ခင်းများရိတ်သိမ်းမှုကို မေလမှစတင်ရိတ်သိမ်းခဲ့ရာ လက်ရှိအချိန်ထိ စစ်ကိုင်းမြို့နယ်၌ ၄၁၉၇ ဧက၊ မြင်းမူမြို့နယ်၌ ၁၉၅၅ ဧကနှင့်မြောင်မြို့နယ်၌ ၂၇၀၂ ဧက စုစုပေါင်း ၈၈၅၄ ဧကရိတ်သိမ်းခဲ့ပြီး တစ်ဧကလျှင် ၈၇ ဒသမ ၈၁ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"စစ်ကိုင်းခရိုင်မှာ နွေသီးနှံစိုက်ပျိုးရာသီက နွေစပါး ၈၈၅၄ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိအချိန်မှာတော့ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ နွေစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးတာ၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးတာ၊ သီးနှံတွေ ပျက်ဆီးဆုံးရှုံးမှုမရှိစေရေး၊ ရိတ်သိမ်းပြီး စပါးတွေ အမိုးအကာအောက် အချိန်မီရောက်ရှိစေရေး အသိပညာပေးတာတွေပြုလုပ်ခဲ့ပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဒေါ်သီတာလွင်ကပြောသည်။

ယခုနှစ် စစ်ကိုင်းခရိုင်၌ နွေသီးနှံစိုက်ပျိုးရာသီက နွေစပါးဧက ၈၉၀၀ စိုက်ပျိုးရန် လျာထားပြီး ဖေဖော်ဝါရီလမှစတင်၍ ဧပြီလအထိ စိုက်ပျိုးခဲ့ရာ ၈၈၅၄ ဧက စိုက်ပျိုးနိုင်ခဲ့သည်။

ထို့သို့စိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းမွန်ရေး၊ မျိုးကောင်းမျိုးသန့် စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားကျရောက်မှုမရှိစေရေးနှင့် သဘာဝမြေဩဇာများသုံးစွဲတတ်စေရေးနည်းပညာများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(၄၀၉)**

# ကလောမြို့နယ် ရှော်တောကျေးရွာ၌ မော်တော်ဆိုင်ကယ် အခြေခံပြုပြင် ထိန်းသိမ်းနည်း သင်တန်းဆင်း

ကလော စက်တင်ဘာ ၅


ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် လူငယ်များအလုပ်အကိုင်အခွင့်အလမ်းဖော်ဆောင်နိုင်မည့် ပထမအကြိမ် မော်တော်ဆိုင်ကယ်အခြေခံပြုပြင်ထိန်းသိမ်းနည်းသင်တန်းဆင်းပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ရွှေမင်းဖုန်းကျေးရွာအုပ်စု ရှော်တောကျေးရွာ၌ စက်တင်ဘာလ ၄ ရက်က ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်ထူးက ရွှေမင်းဖုန်းကျေးရွာအုပ်စုရှိ ဒေသခံများအနေဖြင့် တစ်နိုင်တစ်ပိုင်လုပ်ငန်းများ ပေါ်ထွက်လာနိုင်ရေးနှင့် မိသားစုအပိုဝင်ငွေရရှိစေရေးအတွက် သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်းပြောကြားသည်။

အဆိုပါပထမအကြိမ် မော်တော်ဆိုင်ကယ်အခြေခံပြုပြင်ထိန်းသိမ်းနည်းသင်တန်းကို ဩဂုတ်လ ၅ ရက်မှ စက်တင်ဘာလ ၃ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပေးခဲ့ပြီး ဒုတိယအကြိမ် အဆင့်မြင့်သင်တန်း ၁၅ ရက်ကို စက်တင်ဘာလ ၁၀ ရက်တွင် သင်တန်းသား ၁၀ ဦးဖြင့် ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် သင်တန်းပြီးပါက သင်တန်း၌ ထူးချွန်ပြီး လုပ်ငန်းထူထောင်လုပ်ကိုင်လိုသူငါးဦးကို စိစစ်ရွေးချယ်ကာ လုပ်ငန်းသုံးပစ္စည်းများ ပံ့ပိုးပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဝင်း(ကလော)**




# ငဖဲမြို့နယ် ပန်းထိန်းကျေးရွာ၌ စာဖတ်ရှုမြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

ငဖဲ စက်တင်ဘာ ၅

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနတို့ပူးပေါင်းပြီး စာဖတ်ရှုမြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် လူငယ်လူရွယ်များ ဗလငါးတန်နှင့်ပြည့်စုံစေရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာလ ၄ ရက်က ပန်းထိန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

ရှေးဦးစွာ ငဖဲမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးကျော်စိုးက လူငယ်မောင်မယ်များ ဗလငါးတန်နှင့်ပြည့်စုံစေရေး ကြိုးစားဆောင်ရွက်ကြရန် အဖွင့်အမှာစကားပြောကြားပြီး ငဖဲမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယုယုသိန်းက လူငယ်စကားဝိုင်းကျင်းပရသည့် ရည်ရွယ်ချက်နှင့် ကျောင်းသားလူငယ်များ အသိပညာဗဟုသုတ တိုးပွားစေရန်အတွက် ကျောင်းစာသာမက သုတ၊ ရသစာအုပ်စာပေများကိုလည်း လေ့လာဖတ်ရှုရန်လိုကြောင်း၊ သို့မှသာ စာပေမှရရှိသည့် အသိတရားဖြင့် မိမိဘဝတိုးတက်မြင့်မားအောင် လျှောက်လှမ်းနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယုယုသိန်းက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး Grade–10 ကျောင်းသား မောင်ဇင်ကိုအောင်က လူငယ်နှင့်အားကစား၊ Grade–11 ကျောင်းသား မောင်ဂျွန်ဆူးဝေက လူငယ်နှင့် အင်တာနက်သုံးစွဲမှု၊ Grade–11 ကျောင်းသူ မသက်ထားစံက လူငယ်နှင့်အောင်မြင်မှုနည်းလမ်းများ၊ Grade–10 ကျောင်းသူ မအေးအေးမိုးက လူငယ်နှင့်လူကုန်ကူးမှု အန္တရာယ်ခေါင်းစဉ်တို့ဖြင့် အသီးသီးဆွေးနွေးကြကာ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် အပြန်အလှန်မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ ပြသထားသော လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်နှင့် သရုပ်ဖော်ရုပ်ပြများ၊ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးနံရံကပ်စာစောင်များကို ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **မယု(ငဖဲ)**

# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**ယမန်နေ့မှအဆက်**

''တို့ ရွာကထွက်လာတာ ငါးရက်ရှိပြီနော်၊ လာတုန်းက ရာသီဥတု ဒီအခြေအနေမဟုတ်ပါဘူး။ အခု အရဲစွန့်ပြီး တိုးသွားရင်လည်း ရှေ့က ကုလားတန်မြစ်ဝ ဒီလိုရာသီမျိုးနဲ့ဆိုမလွယ်ဘူး ဒုက္ခရောက်သွားနိုင်တယ်။ နောက်ပြန်ဆုတ်ဖို့ကလည်း ရေကျချိန် လေကလည်းမြစ်ညာက တိုက်နေတယ် တော်တော်ပြဿနာပဲ''

အသက်တော်တော်ရနေပြီဖြစ်သော လှေသမား ဦးကျော်ထွန်းမှာ မိမိတစ်ဦးတည်း ဟိုဟိုသည်သည်စဉ်းစားရင်း ပြောနေခြင်းဖြစ်သည်။

''ကျွန်တော်တို့ ကျောက်ဆူးနုတ်ပြီး ကမ်းပြန်ကပ်ကြရအောင်ဗျာ''

အသက်အငယ်ဆုံး မောင်ဘတင် ကြောက်ကြောက်ရွံ့ရွံ့ပြောလိုက်ခြင်းဖြစ်သည်။

''ကျောက်ဆူးနုတ်လိုက်တာနဲ့ ကမ်းကပ်လို့မရဘူး။ ပင်လယ်ဘက် ပါသွားလိမ့်မယ်။ ဒါကို ကမ်းခွာလေလို့ ခေါ်တယ်ဟ''

ဦးကျော်ထွန်းက ရှင်းပြလိုက်သည်။ မောင်ဘတင်မှာ ခုမှ ပထမအကြိမ် ခရီးလိုက်လာခြင်းဖြစ်သည်။ အတွေ့အကြုံမရှိ၍လည်း ပို၍ အားငယ်နေမိသည်။

လေမှာ ပြင်းသည်ထက် ပြင်းလာသည်။ ကောင်းကင်တစ်ခုလုံးလည်း ညို့မှိုင်းမည်းပုပ်လျက်ရှိချေ၏။ မကြာပါ မိုးရော၊ လေရော တဝေါဝေါ ရွာချလာပါတော့သည်။ လေမှာပြင်းလာသည်နှင့်အမျှ ဒီလှိုင်းများကပါ ဖိန်းဖောင်းဆိုင်းတီးလာချေပြီ။ ရွက်တိုင်ကို လှဲချပြီး ခေါက်လိပ်ထားသော ရွက်ကြီးမှာ မိုးသက်လေပြင်း၏ ဆောင့်တွန်းမှုကြောင့် ဖြန့်းခနဲ ပွင့်ထွက်သွားလေတော့သည်။ ရွက်ကြီးသည် တဖြုန်းဖြုန်းရုန်းကန်လှုပ်ရှားမှုကြောင့် လှေကြီးမှာ ရုပ်ပျက်ဆင်းပျက်ဖြစ်ကာ ကျော့ကွင်းမိနေသော သားကောင်တစ်ကောင်၏ ရုန်းမလွယ်၊ ကန်မလွယ်ဖြစ်နေခြင်းနှင့် တူနေတော့သည်။

''ကိုကျော်ထွန်းရေ ဓားမြန်မြန်ယူလာ ရွက်ကြိုးတွေကို ဖြတ်စမ်းပါ။ ဟေ့ ကျန်တဲ့လူတွေ ဓနိတွေကို ပစ်ချကြ မြန်မြန်လုပ်ကြဟေ့''

အဖေသည် ဆောက်တည်ရာမရဖြစ်ကာ မောဟိုက်ပင်ပန်းစွာဖြင့် ပြောလိုက်ခြင်းဖြစ်သည်။ မိမိကိုယ်တိုင်လည်း လှေဦးပြေးလိုက်၊ လှေပဲ့ပြေးလိုက်နဲ့ ဆောက်တည်ရာမရ ဖြစ်နေတော့သည်။ လှေသမားများ ဓနိတစ်ဝက်ခန့် ပစ်ချပြီးချိန်တွင်တော့ လှေကြီးဝမ်းဗိုက်မှာ ဒီရေတစ်ဝက်ခန့် ပြည့်နေလေပြီ။ လှိုင်းလုံးကြီးများမှာကား တစ်လုံးထက်တစ်လုံး သေးလာသည်ဟူ၍မရှိ။ ကြီးပြီးရင်း ကြီးလာသည်ချည့်။ လေနှင့်မိုးမှာလည်း တဝေါဝေါမြည်ဟည်းကာ သူနိုင်ကိုယ်နိုင် အပြိုင်ကြဲလျက်ရှိကြချေပြီ။ အဖေတို့ လှေသမားများကား အစီအစဉ်ဟူ၍ မရှိတော့ချေ။ လက်လှမ်းမီရာ လှမ်းဆွဲနေကြရတော့သည်။ ရွက်ကန်ဝါးကို ဆွဲသူဆွဲ၊ ဓနိရံတိုင်များကို စည်းသူစည်း လှေသမားများအဖို့ ကမ္ဘာပျက်ခဲ့ချေပြီ။

> **''လေနှင့်မိုးမှာလည်း တဝေါဝေါမြည်ဟည်းကာ သူနိုင်ကိုယ်နိုင် အပြိုင်ကြဲလျက်ရှိကြချေပြီ။ အဖေတို့ လှေသမားများကား အစီအစဉ်ဟူ၍ မရှိတော့ချေ။ လက်လှမ်းမီရာ လှမ်းဆွဲနေကြရတော့သည်။ ရွက်ကန်ဝါးကို ဆွဲသူဆွဲ၊ ဓနိရံတိုင်များကို စည်းသူစည်း လှေသမားများအဖို့ ကမ္ဘာပျက်ခဲ့ချေပြီ။ လှေသမားများမှာ မိုးဦးမုန်တိုင်း စစ်သည်တော်လှိုင်းလုံးကြီးများ၏ တိုက်ခိုက်ခြင်းကို မရှုမလှခံနေကြရလေပြီ . . .''**

လှေသမားများမှာ မိုးဦးမုန်တိုင်း စစ်သည်တော်လှိုင်းလုံးကြီးများ၏ တိုက်ခိုက်ခြင်းကို မရှုမလှခံနေကြရလေပြီ။ သို့သော် ကံကောင်းသည်ဟု ပြောရမလား တစ်နာရီခန့်အကြာမှာပဲ လေပြင်းသည် ကမ်းခွာလေ မဟုတ်တော့ဘဲ ပေါက်တောမြို့နှင့် တောင်ဖူးရွာဘက်သို့ ဦးတည်တိုက်နေပေတော့သည်။ လေပြင်းအားကြောင့် ဓနိလှေကြီးသည် လှိုင်းလုံးကြီးများသယ်ဆောင်ရာသို့ လိုက်ပါပြီး ဒီရေပြန်အကျမှာ အဖေ့ဓနိလှေကြီးသည် မြေမာမာသောင်ပြင်စပ်တွင် တင်ကျန်ရစ်ခဲ့ပေတော့သည်။ လှေသားတွေမှာကား သေကံမရောက် သက်မပျောက်ခဲ့ကြ၊ သို့သော် လှေကြီးမှာ လှိုင်းရိုက်ဒဏ်၊ လှေထဲမှရေလုံးများ တွန်းကန်အား၊ လှေအောက်ရှိ မြေစိုင်ခဲမာမာကျစ်ကျစ်တို့ကြောင့် သိပ်မကြာခင် လှေကြီးပြိုကျပျက်စီးသွားခဲ့ပါလေပြီ။

အဖေမှာ ဓနိချပ်များကို ခေါက်ပြန်ပေးစနစ်နဲ့ အကြွေးဝယ်လာခဲ့ရာ ကြွေးမြီကပါ လည်ပင်းခိုက်နေသည့်အဖြစ်ကြောင့် ချာချာလည်နေခဲ့လေပြီ။ လှေကြီးမှာလည်း လှိုင်းရိုက်ထားသောဒဏ်ရာ၊ လှေဝမ်းဗိုက်ထဲရှိနေကြသော ရေလုံးတို့ ရုန်းအားကြောင့် တာရှည်မခံဘဲ ပြိုကွဲပျက်စီးသွားရပေတော့သည်။

''ဒါကြောင့်ပဲ သားရယ်၊ အဖေနဲ့အမေက ကြံရာမရတော့ အိမ်ကိုရောင်း၊ မြေကိုရောင်းပြီး အဖေ့ဇာတိမြေ ဒီ ငပုသုန်ကျွန်းကို ပြောင်းလာခဲ့ကြတာလေ''

''ဟုတ်တယ်သားရယ်၊ ရင်ထဲမအေးတဲ့အဖြစ်တွေမို့ သားကို သောကတွေဝင်ပြီး စာဖတ်တာအနှောင့်အယှက်ဖြစ်နေမှာစိုးလို့ သားဆီ သတင်းမပို့ခဲ့တာပဲကွယ်၊ သားညီလေး သန်းမြင့်ဆုံးတုန်းကလည်း အဲလိုပဲ သားကို စိတ်သောကမပေးချင်တာနဲ့ သားကို အသိမပေးခဲ့တာလေ''

''ဩော် အမေရယ်''

အဖေနှင့်အမေတို့ ပြောစကားများက ကျွန်တော့်ရင်ထဲမချိအောင် ခံစားရသည်။

''ငပုသုန်ရောက်တော့လည်း အဖေနဲ့အမေ ရပ်ထဲရွာထဲမှာမနေဘဲ ဘာလို့ လူသူမနီးတဲ့ တောကြီးထဲ လာနေကြတာလဲဗျာ''

''ဒါက ဒီလိုရှိတယ်သားရဲ့ အဖေကတော့ ဒီရွာသားတွေလိုပဲ ပင်လယ်ပြင်ထွက်ပြီး ငါးဖမ်းမယ်၊ ဒီက ပိုက်သမားတွေမှာ လှေတွေလိုလို့ရှိရင် အဖေက အမ်းမြို့နယ် ရိုးမဘက်တက်ပြီး လှေတုံးတွေချပေးပြီး ရောင်းမယ်ပေါ့နော်။ အမေ့ကိုတော့ ကလေးတွေနဲ့ပဲ အိမ်မှာ ဝက်မွေးမယ်၊ ကြက်မွေးမယ်ဆိုတာမျိုးထားမယ်လို့ စီစဉ်ထားတယ်''

အမှန်တော့ အဖေသည် အထည်ကြီးပျက်ဘဝနဲ့ မိသားစုဘဝတစ်ခုကို ပြန်လည်ထူထောင်ဖို့ ကြိုးစားနေခြင်းလို့ ကျွန်တော့အာရုံထဲ သတိထားလိုက်မိသည်။ ရပ်နဲ့ကွာ ရွာနဲ့ဝေးဆိုသည့်နေရာမှာ အခြေချခြင်းမှာလည်း ဝက်၊ ကြက် မွေးမြူရေးက တွဲပါလာခြင်းကြောင့် ရွာနဲ့ ဝေးဝေးလံလံမှာ နေထိုင်ခြင်းပင်ဖြစ်ပေလိမ့်မည်။

မေလလယ်လောက်ပဲရှိမည်ထင်ပါသည်။ အဖေသည် ငါးဖမ်းလှေလိုချင်သူများရှိလို့ အမ်းမြို့နယ် ရိုးမတောင်ခြေ ဒါးလက်ချောင်းဘက် တက်သွားခဲ့သည်။ ကျွန်တော်သည်လည်း ငပုသုန်ရွာအစိုးရမူလတန်းကျောင်းမှာ ကျောင်းဖွင့်လျှင် ကျောင်းအုပ်ဆရာကြီးနဲ့ တွဲဖက်ပြီး စာဝင်ပြဖို့ ကျောင်းသားမိဘများ အကူအညီတောင်းထားလို့ လက်ခံထားပြီးဖြစ်သည်။ သို့ဖြစ်၍ သရက်တောင်ရွာတွင် တာဝန်ထမ်းဆောင်နေကြသော ရင်းနှီးရာ ဆရာ၊ ဆရာမများဆီသွားပြီး မှတ်စုမှတ်တမ်း၊ စာအုပ်စာတမ်းများ အကူအညီတောင်းရန် သရက်တောင်သို့ ရောက်နေခဲ့သည်။

■ ■ ■ ■ ■ ■ ■

**ဆက်လက်ဖော်ပြပါမည်။**

---

## ရေနံချောင်းမြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ



ရေနံချောင်း စက်တင်ဘာ ၅

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာလ ၅ ရက်တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမီအောင်က ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်းရည်ရွယ်ချက်ကိုပြောကြားပြီး မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ရည်မှန်းချက်များ၊ ကလေးအလုပ်သမား၏အဓိပ္ပာယ်နှင့် အသက်အရွယ်ကန့်သတ်ချက်၊ အသက် ၁၄ နှစ်မပြည့်သေးသည့် မည်သည့်ကလေးကိုမျှ အလုပ်လုပ်ခွင့်မပြုရ၊ အသက် ၁၄ နှစ်ပြည့်ပြီး အလုပ်စေခိုင်းပါက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပါ အချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း အသိပညာပေးဟောပြောသည်။

အဆိုပါအသိပညာပေးဟောပြောပွဲသို့ မြို့နယ်ပညာရေးမှူးရုံး လက်ထောက်ပညာရေးမှူး ဦးသိန်းဇော်၊ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

## ကျောက်ဆည်မြို့နယ် ပင်တလည်ကျေးရွာ၌ ပန်းမုန်လာကို တစ်နှစ်ပတ်လုံးစိုက်ပျိုးလျက်ရှိ

ကျောက်ဆည် စက်တင်ဘာ ၅

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ဆန်စပါးကို အဓိကထားစိုက်ပျိုးကြပြီး ပင်တလည်ကျေးရွာရှိ ယာမြေများ၌ ဆီထွက်သီးနှံမျိုးစုံ၊ ပဲမျိုးစုံ၊ ဝါ၊ ဖူးစားပြောင်း၊ ငရုတ်၊ နနွင်း၊ ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးသည့်အပြင် ပန်းမုန်လာကို တစ်နှစ်ပတ်လုံးစိုက်ပျိုးကြကြောင်း ကျောက်ဆည်မြို့နယ် ပင်တလည်ကျေးရွာမှ တောင်သူများ၏ပြောကြားချက်အရ သိရသည်။

ပန်းမုန်လာစိုက်ပျိုးရာတွင် မြေအောက်ရေတွင်းတူး၍ ရေတင်ကာစိုက်ပျိုးရကြောင်း၊ သီးနှံများစိုက်ပျိုးရာတွင် သွင်းအားစု၊ လုပ်အား၊ ဈေးကွက်အနေအထားအားလုံးကိုခြုံငုံပြီး စိုက်ပျိုးရခြင်းကြောင့် စီးပွားဖြစ် ပန်းမုန်လာကိုရွေးချယ်ပြီး တစ်နှစ်ပတ်လုံး စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

ပန်းမုန်လာတစ်ဧကလျှင် မျှားနီတံဆိပ်ဆိုပါက မျိုးထုပ်ငါးထုပ်ပျိုးထောင်ရကြောင်း၊ ပန်းမုန်လာများသည် ရာသီဥတုဒဏ်နှင့် ပိုးမွှားအန္တရာယ်ကျရောက်ပါက ပျက်စီးလွယ်သောကြောင့် သဘာဝပိုးနှင်ဆေးများကို အဆက်မပြတ်ဖျန်းပေးရကြောင်း၊ ပန်းမုန်လာတစ်ဧကလျှင် အပင်အရေအတွက် တစ်သောင်းနှစ်ထောင်ခန့်ဝင်ဆံ့ကြောင်းနှင့် ပန်းမုန်လာထွက်ရှိချိန်တွင် ပွဲစားများက စိုက်ခင်းများအထိလာရောက်၍ ကာလပေါက်ဈေးဖြင့် စိုက်ခင်းပြတ်ဝယ်ယူကြကြောင်း သိရသည်။ **ချမ်းမြေ့**

❍ **ရှေ့ဖုံးမှအဆက်**

စစ်ဦးစီးအရာရှိချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် (၂၁) ကြိမ်မြောက် အာဆီယံတပ်မတော်ထောက်လှမ်းရေးမှူးချုပ်များအစည်းအဝေး (21st ASEAN Military Intelligence Meeting – 21st AMIM) သို့ တက်ရောက်လျက်ရှိသည့် ဒုတိယတပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်မင်းသူနှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြသည်။

ဦးစွာ (၂၁) ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး (21st ACDFM)ဥက္ကဋ္ဌ လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ Lieutenant General Khamlieng Outhakaisone က တက်ရောက်လာကြသည့် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကူးပြီး အဖွင့်မိန့်ခွန်းပြောကြားသည်။ Brigadier General Bouavanh Athanaxay နှင့် (၁၄)ကြိမ်မြောက် အာဆီယံတပ်မတော်စစ်ဆင်ရေးမှူးချုပ်များအစည်းအဝေး (14th AMON) ဥက္ကဋ္ဌ လာအိုပြည်သူ့တပ်မတော်၊ စစ်ဦးစီးဌာန၊ စစ်ဆင်ရေးဌာနအကြီးအကဲ Major General Kongthong Soukhavong တို့က အစည်းအဝေးရလဒ်များအား ဖတ်ကြားတင်ပြခဲ့ကြသည်။

၎င်းနောက် တက်ရောက်လာကြသည့် အာဆီယံနိုင်ငံတပ်မတော်များမှ ကာကွယ်ရေးဦးစီးချုပ်များနှင့် ကိုယ်စားလှယ်များက "အာဆီယံ- ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ကြံ့ကြံ့ခိုင်ရင်ဆိုင်နိုင်ရေးတို့အတွက် လက်တွဲဆောင်ရွက်ခြင်း(ASEAN–Together for Peace, Security and Resilience)" ခေါင်းစဉ်ဖြင့် နိုင်ငံအကျွရာစဉ်အလိုက် အသီးသီးပါဝင်ဆွေးနွေးခဲ့ကြသည်။

မြန်မာ့တပ်မတော်မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးက အာဆီယံ၏အဓိကရည်မှန်းချက်နှင့်လုပ်ဆောင်ချက်များကို တွန်းအား



မြန်မာ့တပ်မတော်မှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး (၂၁)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး 21st ASEAN Chiefs Of Defence Forces Meeting (21st ACDFM) သို့ တက်ရောက်စဉ်။



မြန်မာ့တပ်မတော်မှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးနှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Songwit Noonpackdee တို့ တွေ့ဆုံဆွေးနွေးစဉ်။



မြန်မာ့တပ်မတော်မှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးနှင့် ဗီယက်နမ်အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဗီယက်နမ်ပြည်သူ့တပ်မတော်စစ်ဦးစီးအရာရှိချုပ် Senior Lieutenant General Nguyen Tan Cuong တို့ တွေ့ဆုံဆွေးနွေးစဉ်။



မြန်မာ့တပ်မတော်မှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးနှင့် ကမ္ဘောဒီးယားဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Vong Pisen တို့ တွေ့ဆုံဆွေးနွေးစဉ်။



မြန်မာ့တပ်မတော်မှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ဝင်များ လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့်စစ်ဦးစီးဌာနအကြီးအကဲက တည်ခင်းဧည့်ခံသည့် (၂၁)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေးအထိမ်းအမှတ် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်စဉ်။

ယင်းနောက် (၂၁)ကြိမ်မြောက်အာဆီယံတပ်မတော်ထောက်လှမ်းရေးမှူးချုပ်များအစည်းအဝေး (21st ACDFM)ဥက္ကဋ္ဌ လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန၊စစ်ဘက်ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ် ပေးမီးမောင်းထိုးပြနေသည့် "အာဆီယံ- ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ကြံ့ကြံ့ခိုင်ရင်ဆိုင်နိုင်ရေးတို့အတွက် လက်တွဲဆောင်ရွက်ခြင်း (ASEAN–Together for Peace, Security and Resilience)" ခေါင်းစဉ်ဖြင့် အသေးစိတ်ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်ပြီး အာဆီယံတပ်မတော်များ၏ ၂ နှစ်တာလုပ်ငန်းစီမံချက် (၂၀၂၄ – ၂၀၂၆) {Two Years Work Plan (2024–2026)} အားအတည်ပြုခြင်း၊ 21st ACDFM ၏ ပူးတွဲကြေညာချက် Joint Statement အား အတည်ပြုခြင်းတို့ကိုဆောင်ရွက်ခဲ့ကြပြီး ပူးတွဲကြေညာချက် Joint Statement ကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းနောက် 21st ASEAN Chiefs of Defence Forces Meeting (21st ACDFM) ဥက္ကဋ္ဌ လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲက အပိတ်မိန့်ခွန်းပြောကြားကာ **စာမျက်နှာ ၆ သို့** ❍

**စာမျက်နှာ ၆ သို့**




မြန်မာ့တပ်မတော်မှ စစ်ဦးစီးအရာရှိချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်း (၁၄) ကြိမ်မြောက် အာဆီယံတပ်မတော်စစ်ဆင်ရေးမှူးချုပ်များအစည်းအဝေး 14th ASEAN Military Operations Meeting (14th AMOM) တွင် အစည်းအဝေးတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်စဉ်။



မြန်မာ့တပ်မတော်မှ ဒုတိယတပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်မင်းသူနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ (၂၁) ကြိမ်မြောက် အာဆီယံတပ်မတော်ထောက်လှမ်းရေးမှူးချုပ်များ အစည်းအဝေး (21st ASEAN Military Intelligence Meeting– 21st AMIM) သို့ တက်ရောက်စဉ်။

❍ **စာမျက်နှာ ၅ မှအဆက်**

(၂၂)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး (22nd ACDFM) အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ဥက္ကဋ္ဌတာဝန်များနှင့် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး၏အလံ (ACDFM Flag) တို့ကို လွှဲပြောင်းပေးအပ်ခဲ့ကြပြီး အစည်းအဝေးကို အောင်မြင်စွာရုပ်သိမ်းခဲ့ကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးသည် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Songwit Noonpackdee၊ ဗီယက်နမ်အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဗီယက်နမ်ပြည်သူ့တပ်မတော်စစ်ဦးစီးအရာရှိချုပ် Senior Lieutenant General Nguyen Tan Cuong နှင့် ကမ္ဘောဒီးယားဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Vong Pisen တို့နှင့်သီးခြားစီ Bilateral Meeting များ တွေ့ဆုံခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

ယင်းနောက် ညပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့် ဇနီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲက တည်ခင်းဧည့်ခံသည့် (၂၁) ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး အထိမ်းအမှတ်ညစာစားပွဲအခမ်းအနားသို့ ပါဝင်တက်ရောက်ခဲ့ကြသည်။

အလားတူ စက်တင်ဘာလ ၃ ရက်နေ့တွင် အဆိုပါဟိုတယ်၌ ပြုလုပ်ခဲ့သည့် (၁၄) ကြိမ်မြောက် အာဆီယံတပ်မတော်စစ်ဆင်ရေးမှူးချုပ်များ အစည်းအဝေး 14th ASEAN Military Operations Meeting (14th AMOM) အစည်းအဝေးသို့ မြန်မာ့တပ်မတော်မှ စစ်ဦးစီးအရာရှိချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များကလည်းကောင်း၊ (၂၁) ကြိမ်မြောက် အာဆီယံတပ်မတော်ထောက်လှမ်းရေးမှူးချုပ်များအစည်းအဝေး (21st ASEAN Military Intelligence Meeting– 21st AMIM) သို့ မြန်မာ့တပ်မတော်မှ ဒုတိယတပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်မင်းသူနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များကလည်းကောင်း အသီးသီးပါဝင်တက်ရောက်၍ အာဆီယံတပ်မတော်များအကြား ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးတက်မြှင့်တင်ဆောင်ရွက်ရေးကတိကဝတ်များအား ပိုမိုခိုင်မာအောင် တည်ဆောက်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ပစ္စည်းများ လာရောက်ဂုဏ်ပြုပေးအပ်




ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ပစ္စည်းများကို ဂုဏ်ပြုပေးအပ်ရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးက လက်ခံရယူစဉ်။

နေပြည်တော် စက်တင်ဘာ ၅

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ပေးအပ်လျက်ရှိရာ စက်တင်ဘာလ ၄ ရက်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ပစ္စည်းများဂုဏ်ပြုပေးအပ်ခြင်းကို ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ပြုလုပ်ရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးနှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က စားသောက်ဖွယ်ရာနှင့် ပစ္စည်းများပေးအပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဝန်ထမ်းမိသားစုများက လှူဒါန်းသည့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ရှစ်ဆယ့်သုံးသိန်းကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာနှင့်ထောက်ပံ့ပစ္စည်းများကို ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ စားသောက်ဖွယ်ရာနှင့် ပစ္စည်းများကို ရှေ့တန်းစစ်မျက်နှာအသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရှုပ်ရှုပ်ချွံချွံတာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)



# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅/ ၂၀၂၄)သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ဂုဏ်ပြုကြိုဆို

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နယ်မြေခံသင်တန်းကျောင်းများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅/၂၀၂၄)သို့ တက်ရောက်မည့်နိုင်ငံ့သားကောင်းရတနာများအား ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ဂုဏ်ပြုကြိုဆိုကြစဉ်။

နေပြည်တော် စက်တင်ဘာ ၅

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နယ်မြေခံသင်တန်းကျောင်းများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများသည် ယနေ့ နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိလာရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

ထို့နောက် သက်ဆိုင်ရာသင်တန်းကျောင်းများမှ တာဝန်ရှိသူများက နိုင်ငံ့သားကောင်းရတနာများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားများပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲကျင်းပ

တောင်ကြီး စက်တင်ဘာ ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းတွင် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်းနှင့်တာဝန်ရှိသူများက စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ဘင်ခရာ၊ ပန်းဖွားနှင့်အကအဖွဲ့များအား ဂုဏ်ပြုဆုငွေများပေးအပ်သည်။

ဆက်လက်၍ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက "အလှဆုံးပန်းများပွင့်ကြပြီ"သီချင်းဖြင့် တေးသရုပ်ဖော်သီဆိုဖျော်ဖြေသည်။ ၎င်းနောက် "နိုင်ငံအကျိုးအတွက် မှန်းမျှော်ရည် ခိုင်မာတိုးတက်စေရမည်" Video Clip ကို ပြသသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွက် ထောက်ပံ့ငွေပေးအပ်ရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးညွှန့်ရွှေက လက်ခံရယူပြီး တာဝန်ရှိသူများက စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများက စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကာယ၊ ဉာဏပြိုင်ပွဲများ၊ ဓာတ်ပုံနှင့်စာအုပ်ပြပွဲများအား လှည့်လည်ကြည့်ရှုအားပေးကြောင်း သိရသည်။

(၄၀၅)




## တနင်္သာရီမြို့နယ်၌ ကော်ဖီနှင့်ကိုကိုးပင် ၂၂၇ ကေကို လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့

တနင်္သာရီ စက်တင်ဘာ ၅

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်၌ ယခုနှစ်တွင် ဒေသခံတောင်သူများ အပိုဝင်ငွေရရှိစေရန်အတွက် ကြားညှပ်သီးနှံပင်များဖြစ်သည့် ကော်ဖီလျာထားကေ ၁၉၇ ကေ၊ ကိုကိုးပင် ကေ ၃၀ စုစုပေါင်း ၂၂၇ ကေတို့ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း တနင်္သာရီမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

၂၀၂၃ - ၂၀၂၄ ခုနှစ်တွင် တနင်္သာရီမြို့နယ်၌ အမယ်သစ်သီးနှံများဖြစ်သည့် ကော်ဖီ ၁၉၇ ကေကို စိုက်ပျိုးနိုင်ခဲ့သဖြင့် ယခုနှစ် ၂၀၂၄ - ၂၀၂၅ ခုနှစ်တွင် ကော်ဖီပင် ၁၉၇ ကေ လျာထားဆောင်ရွက်ခဲ့ရာ ဩဂုတ်လ ၃၁ ရက်တွင် ကော်ဖီပင် ၁၉၇ ကေနှင့်ကိုကိုးပင်ကေ ၃၀ ကို တောင်သူများ စိုက်ပျိုးနိုင်ခဲ့သည်။

တနင်္သာရီမြို့နယ်ရှိ ဒေသခံတောင်သူများသီးညှပ်သီးနှံအဖြစ် တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ယခုနှစ်တွင် ကော်ဖီပျိုးပင် ၈၅၀၀၀ နှင့် ကိုကိုးပျိုးပင် ၁၂၀၀၀ တို့ကို တောင်သူများအား အခမဲ့ထောက်ပံ့ပေးအပ်ခဲ့သည်။

တနင်္သာရီမြို့နယ်ရှိ ဥယျာဉ်ခြံမြေများတွင် ၁၁၄ ကေ၊ သစ်တောကြိုးဝိုင်းတွင် ၁၁၃ ကေနှင့် စုစုပေါင်းကော်ဖီနှင့်ကိုကိုးပင် ၂၂၇ ကေတို့အား စိုက်ပျိုးပြီးစီးခဲ့ကြောင်း သိရသည်။

(၄၁၂)

## မြန်မာစာရေးဆရာအဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ထွက်ခွာ




ရန်ကုန် စက်တင်ဘာ ၅

မြန်မာနိုင်ငံ စာရေးဆရာအသင်းနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)ဦးဆောင်သော မြန်မာစာရေးဆရာအဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုသံရုံး၏ ဖိတ်ကြားချက်အရ စာပေဖလှယ်ရေး၊ ယဉ်ကျေးမှုဖလှယ်ရေး၊ နှစ်နိုင်ငံ၏စာကောင်းပေမွန်များ အပြန်အလှန် ဘာသာပြန်ထုတ်ဝေနိုင်ရေးကိစ္စရပ်များ ဆွေးနွေးရန်နှင့် လေ့လာရေးခရီးသွားရောက်ရန်အတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ယနေ့နံနက် ၈ နာရီ မိနစ် ၄၀ တွင် လေကြောင်းခရီးဖြင့်ထွက်ခွာသွားသည်။

အဆိုပါစာရေးဆရာအဖွဲ့တွင် အမျိုးသားစာပေဆု၊ စာပေဗိမာန်စာပေဆု၊ တပ်မတော်နေ့အထိမ်းအမှတ်ပြိုင်ပွဲစာပေဆု၊ မဲခေါင်စာပေဆုရ စာရေးဆရာ၊ ဆရာမများ၊ ဘာသာပြန်စာရေးဆရာများ၊ ပုံနှိပ်ထုတ်ဝေသူများနှင့် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌများ အစရှိသည့် အဖွဲ့ဝင် ၁၀ ဦး ပါဝင်သည်။

ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး) ဦးဆောင်သည့် စာရေးဆရာကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးများက လိုက်ပါပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့်**

**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**

**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ကိုယ်ဝန်ဆောင်နှင့် အာဟာရဆိုင်ရာအကြံပြုချက်များ



အာဟာရတည်းဟူသော အကြောင်းကြောင့် လူတို့ နေ့စဉ် အစာစားကြသည်။ သင့်လျော်သည့် အစားအသောက်ကို စားသောက်ပါက ဆေးသောက်သကဲ့သို့ပင် အကျိုးအာနိသင်ရရှိစေမည်။ အစာမှ ရသရည်၊ ရသရည်မှ သွေး၊ သွေးမှ အသား၊ အသားမှ အဆီ၊ အဆီမှ အရိုး၊ အရိုးမှ ခြင်ဆီ (ရိုးတွင်းခြင်ဆီ) စသည့်ဓာတ်တို့ အသီးသီးပွားစီးကာ ခန္ဓာကိုယ်ကြီးအား ကောင်းစွာပံ့ပိုးပေးထားသည်။ အထူးသဖြင့် ကိုယ်ဝန်ဆောင်ချိန်တွင် အာဟာရဓာတ် ပို၍လိုအပ်သည်။

ကိုယ်ဝန်ဆောင်ချိန် ခုခံအားနည်းခြင်း၊ သွေးအားနည်းခြင်း၊ သွေးတိုးခြင်း၊ သတိလစ်ခြင်း သို့မဟုတ် မူးလဲခြင်း၊ သားလျှောခြင်း၊ လမစေ့မီ မီးဖွားခြင်း၊ ဗိုက်ခွဲမွေးရခြင်း စသည်တို့သည် ကိုယ်ဝန်ဆောင်အာဟာရဓာတ်ချို့တဲ့ခြင်းကြောင့်ဖြစ်သည်။ ကိုယ်ဝန်ဆောင်ချိန် အတွေ့ရများသော အာဟာရချို့တဲ့မှု ပြဿနာများသည် သံဓာတ်ချို့တဲ့ခြင်း၊ ဗီတာမင် B–12 ချို့တဲ့ခြင်း၊ ဖောလစ်အက်စစ်ချို့တဲ့ခြင်း၊ ဗီတာမင်ဒီချို့တဲ့ခြင်း၊ အိုင်အိုဒင်းချို့တဲ့ခြင်း၊ ဗီတာမင်စီချို့တဲ့ခြင်းနှင့် Omega–3 Fatty acids ချို့တဲ့ခြင်းတို့ကြောင့် ဖြစ်သည်။

ထို့ပြင် အစကောင်းမှ အနှောင်းသေချာဆိုသကဲ့သို့ ကိုယ်ဝန်ဆောင်ချိန်မတိုင်မီ သားသမီးယူမည့် မိခင်လောင်းများအနေဖြင့် ကိုယ်ဝန်ဆောင်အာဟာရဓာတ်ကြီးသုံးမျိုးကို အထူးအလေးပေး မှီဝဲစားသုံးသင့်သည်။ ယင်းတို့မှာ ဖောလစ်အက်စစ်၊ ဗီတာမင် B–12 နှင့် Omega–3 Fatty acids တို့ဖြစ်သည်။

- ဖောလစ်အက်စစ်ကြွယ်ဝသော အစားအစာများမှာ အစိမ်းရင့်ရောင်ဟင်းသီးဟင်းရွက်များဖြစ်သည့် ဟင်းနုနယ်၊ ပန်းဂေါ်ဖီစိမ်း၊ ကိုက်လန်၊ မုန်ညင်းစိမ်း၊ ဆလတ်ရွက်၊ ပဲတောင့်ရှည်၊ ပဲသီးအမျိုးမျိုးနှင့် ငှက်ပျောသီးမှည့် စသည်တို့ဖြစ်သည်။
- ဗီတာမင် B–12 ကြွယ်ဝသော အစားအစာများမှာ နို့နှင့်နို့ထွက်ပစ္စည်းများ၊ ငါးအမျိုးမျိုး၊ အနီရောင်နှင့်အဖြူရောင် အသားအမျိုးမျိုး စသည်တို့ဖြစ်သည်။
- Omega–3 Fatty acids ကြွယ်ဝသော အစားအစာများမှာ အဆီများသောပင်လယ်ငါး၊ ရေချိုရေငန်စပ်ငါး၊ အခွံမာသီး၊ အစေ့အဆန်များနှင့် ဟင်းရွက်ဆီ စသည်တို့ဖြစ်သည်။

**ကိုယ်ဝန်ဆောင်ချိန် သွေးအားနည်းရောဂါ ကြိုတင်ကာကွယ်နည်း**

ကိုယ်ဝန်ဆောင်များတွင် အဖြစ်များသည့် သွေးအားနည်းရောဂါကို အောက်ဖော်ပြပါနည်းလမ်းကောင်းတို့ဖြင့် ကြိုတင်ကာကွယ်နိုင်သည်။

- ရက်ချိန်းအတိုင်း ပုံမှန် ကိုယ်ဝန်ပြသစစ်ဆေးပါ။
- အာဟာရမျှတစွာ စားသောက်ပါ။
- သံဓာတ်ပြည့်ဝသော အစားအစာများ စားသုံးပါ။
- သံဓာတ်စုပ်ယူမှု အားကောင်းစေရန် နံနက်စာ၊ ညစာ၊ သရေစာ စသည်ဖြင့် အစားအစာ စားသုံးသည့်အခါတိုင်း ဗီတာမင်စီပြည့်ဝသော အစားအစာများကို တွဲဖက်စားသုံးပါ။ ချဉ်သော သစ်သီးများ၊ လိမ္မော်သီး၊ စတော်ဘယ်ရီသီး၊ ခရမ်းချဉ်သီးတို့သည် ဗီတာမင်စီပြည့်ဝသော အစားအစာများ ဖြစ်သည်။
- ကိုယ်ဝန်ဆောင်ချိန် လိုအပ်သော ဖြည့်စွက်အာဟာရများကို ဆရာဝန်ညွှန်ကြားချက်အတိုင်း သောက်သုံးပါ။

**သွေးတိုးနေသော ကိုယ်ဝန်ဆောင်များအတွက် အကြံပြုချက်**

ကိုယ်ဝန်ဆောင်သွေးတိုးခြင်းကလည်း အာဟာရချို့တဲ့ခြင်းတစ်မျိုးဖြစ်သဖြင့် အာဟာရပြည့်ဝစွာ စားသောက်ရန် လိုအပ်သည်။ အသီးအရွက်များများစားပေးပါ။ အသင့်စား အစားအသောက်များ ရှောင်ကြဉ်ပါ။ အငန်လျှော့စားပါ။ ရေဓာတ်ပြည့်ဝနေစေရန် ရေခဲရေ၊ ရေနွေးပူ မဟုတ်သော ရေများများသောက်ပါ။ လှုပ်လှုပ်ရှားရှားနေပါ။ အထိုင်လျှော့၍ လမ်းများများလျှောက်ပါ။ သွေးပေါင်ချိန် ပုံမှန်စစ်ဆေးပါ။ ဆေးပုံမှန်သောက်ပါ။ ဝိုင်၊ ဘီယာ၊ အရက်၊ ဆေးလိပ်နှင့် ကွမ်းရှောင်ပါ။ တစ်ဆင့်ခံ ဆေးလိပ်ငွေ့ မရှူရှိုက်မိအောင် သတိထားပါ။ လေထုညစ်ညမ်းခြင်းကလည်း ကိုယ်ဝန်ဆောင်သွေးတိုးစေ၍ သတိထားပါ။

**ကိုယ်ဝန်ဆောင်နှင့် ကယ်လ်စီယမ်ဓာတ်**

သန္ဓေသား၏ အရိုးနှင့်သွားများ ကြီးထွားမှုအတွက် လိုအပ်ခြင်းနှင့် ခန္ဓာကိုယ်မှ စွန့်ထုတ်မှုများခြင်း တို့ကြောင့် ကိုယ်ဝန်ဆောင်ချိန်တွင် ကယ်လ်စီယမ်ဓာတ် ပိုမိုလိုအပ်သည်။ တစ်ရက်လျှင် အနည်းဆုံး ကယ်လ်စီယမ် ၁၀၀၀ မီလီဂရမ် လိုအပ်သည်။ ကိုယ်ဝန်ဆောင်ချိန်တွင် ကယ်လ်စီယမ် ဖြည့်စွက်စားသုံးပေးခြင်းဖြင့် ကိုယ်ဝန်ဆိပ်တက်ခြင်း ဖြစ်နိုင်ခြေကို နည်းပါးစေသည်။

**အာဟာရပြည့်ဝစေရန် အကြံပြုချက်များ**

ကိုယ်ဝန်ဆောင်မိခင်များ အာဟာရပြည့်ဝနေစေရန် သင့်လျော်သော စားသောက်ပုံနည်းစနစ်များကို အောက်ပါအတိုင်း အကြံပြုလိုပါသည်။

- နံနက်စာစားရန် မမေ့ပါနှင့်။
- အမျှင်ဓာတ်ကြွယ်ဝသော အစားအစာများစားပါ။ (ဥပမာ–စိမ်းရောင်ခြယ် အသီးအရွက်များ၊ ဆန်လုံးညို၊ အစိမ်းရောင်ပဲအမျိုးမျိုး၊ ပဲစေ့အမျိုးမျိုး၊ အုတ်ဂျုံ)
- ကျန်းမာရေးနှင့် ညီညွတ်သော သရေစာစားပါ။ (ဥပမာ–အဆီနည်းသော ဒိန်ချဉ်၊ အချိုပေါ့သော ဘီစကွတ်၊ ကိတ်မုန့်ခြောက်၊ ခရက်ကာ)
- သံဓာတ်ပါဝင်သော ဖြည့်စွက်အားဆေး နေ့စဉ်သောက်ပါ။
- ငါးကို တစ်ပတ်လျှင် အနည်းဆုံး နှစ်ကြိမ်စားပေးပါ။
- မာကျူရီပါဝင်မှုများသော ပင်လယ်ငါးများ ရှောင်ပါ။
- သားစိမ်း၊ ငါးစိမ်း၊ မကျက်တကျက် ချက်ထားသော သားငါးများနှင့် ချိစ် ရှောင်ပါ။
- ကဖင်းဓာတ်ပါဝင်သော အစားအသောက်များ လျှော့ပါ။ (ဥပမာ–လက်ဖက်ရည်၊ ကော်ဖီ၊ အားဖြည့်အချိုရည်)
- ဝိုင်၊ ဘီယာကဲ့သို့ အယ်လ်ကိုဟောပါဝင်သော အစားအသောက်များ ရှောင်ပါ။

**ကိုယ်ဝန်ဆောင်ချိန်တွင် သတိထားသင့်သော ဗီတာမင်အေ**

ဗီတာမင်အေ၏ သဘောသဘာဝသည် ရေတွင် ပျော်ဝင်ခြင်းမရှိသည့်အတွက် ခန္ဓာကိုယ်က အလွယ်တကူ မစွန့်ထုတ်နိုင်ပေ။ ခန္ဓာကိုယ်ထဲတွင် ဗီတာမင်အေ အများအပြားစုပုံလာခြင်းကို ဗီတာမင်အေ အဆိပ်အတောက်ဖြစ်ခြင်းဟုခေါ်သည်။ ကိုယ်ဝန်အစောပိုင်းကာလတွင် ဗီတာမင်အေ အလွန်အကျွံများပါက သန္ဓေသား၏ အာရုံကြောစနစ်ဖွံ့ဖြိုးမှုကို အနှောင့်အယှက်ဖြစ်စေပြီး မွေးရာပါချို့ယွင်းမှုများ ဖြစ်စေနိုင်သည်။ ထို့ကြောင့် ကိုယ်ဝန်အစောပိုင်းကာလတွင် ဗီတာမင်အေ အများအပြား မသောက်သင့်ပေ။ ကြက်အသည်း၊ ဝက်အသည်း စသည့် တိရစ္ဆာန်အသည်းများတွင် ဗီတာမင်အေ များပြားစွာပါရှိနေသဖြင့် ဆင်ခြင်စားသုံးသင့်သည်။

**ကိုယ်ဝန်ဆောင်များ ရင်ပူသက်သာစေရန်**

ကိုယ်ဝန်ဆောင်အများစုတွင် ရင်ပူရင်ကယ်ခြင်းကို ခံစားရလေ့ရှိသည်။ ထို့ကြောင့် ကိုယ်ဝန်ဆောင်ချိန်တွင် ရင်ပူသက်သာစေရန် နည်းလမ်းကောင်းတချို့ကို အကြံပြုလိုပါသည်။

- အစားအစာကို တစ်ခါတည်း အများကြီးမစားပါနှင့်။ နည်းနည်းနှင့် ခဏခဏစားပေးပါ။
- အစား တစ်ချိန်နှင့်တစ်ချိန်ကြား ရေသောက်ပါ။ သို့သော် အစာစားနေစဉ် ရေမသောက်ပါနှင့်။
- အစာစားနေချိန် ခန္ဓာကိုယ်ကို ဖြောင့်ဖြောင့်တန်းတန်းထိုင်ပါ။
- ဖြည်းဖြည်းစားပါ။
- အစာစားပြီးပြီးချင်း အိပ်ရာထဲ မလှဲပါနှင့်။
- ညအိပ်ခါနီး အစာများများမစားပါနှင့်။
- ကဖင်းဓာတ်ပါသော ကော်ဖီ၊ လက်ဖက်ရည်၊ ကိုလာမသောက်ရပါ။
- အချဉ်စူးသော သစ်သီးများနှင့် ယင်းသစ်သီးဖျော်ရည်များရှောင်ပါ။
- အစပ်နှင့် အဆီများသော အစားအစာများ ရှောင်ပါ။
- ဆေးလိပ်၊ အရက်ရှောင်ပါ။
- ခေါင်းအုံးမြင့်မြင့်အုံးပါ။

အထူးသတိပြုရန်မှာ ကိုယ်ဝန်ဆောင်ချိန်တွင် အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥ တို့ကို အစိမ်းမစားပါနှင့်။ ထို့ပြင် Half Boiled/Half Fried ခေါ် မကျက်တကျက် ပြုတ်စားခြင်း၊ အနှစ်ကို မကျက်တကျက် ကြော်စားခြင်းမပြုပါနှင့်။ မကျက်တကျက်ချက်ထားသော အသား၊ ငါးတို့ကိုလည်း မစားပါနှင့်။ ပိုးမသတ်ရသေးသော၊ မကြိုချက်ရသေးသော နွားနို့အပါအဝင် တိရစ္ဆာန်ထွက် နို့အမျိုးမျိုးတို့ကို ရှောင်ပါ။

အချုပ်ဆိုရသော် မွေးကင်းစကလေးသေဆုံးမှုသည် မိခင်၏ ကျန်းမာရေးအခြေအနေနှင့် တိုက်ရိုက်ဆက်နွယ်လျက်ရှိသည်။ အထူးသဖြင့် ကိုယ်ဝန်ဆောင်စဉ် မိခင်၏ အာဟာရ၊ မွေးဖွားစဉ်နှင့် မီးတွင်းကာလ ကျန်းမာရေးစောင့်ရှောက်မှုများသည် မွေးကင်းစကလေးတစ်ဦး၏ ကျန်းမာရေးအတွက် အဓိကအဆုံးအဖြတ်ပေးသည့် အကြောင်းရင်းများဖြစ်သည်။ ထို့ကြောင့် မမွေးဖွားမီ ကိုယ်ဝန်ရှိချိန်မှစ၍ စနစ်တကျ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုခံယူရန်၊ တတ်ကျွမ်းသူနှင့် မွေးဖွားရန်၊ အခြေခံ မွေးဖွားစကလေးပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ ကျွမ်းကျင်မှုနှင့် အထောက်အပံ့ပစ္စည်းများရရှိရန်တို့မှာလည်း အရေးကြီးသည့် လိုအပ်ချက်များဖြစ်ကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

**ပေါက်ပေါက်**

---

# နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် ပြပွဲ ပြိုင်ပွဲများကျင်းပ

မြောင်းမြ စက်တင်ဘာ ၅

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်၌ စက်တင်ဘာလ ၈ ရက်တွင် ကျရောက်မည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အဖြစ် စာတတ်မြောက်ရေးနေ့ အသိပညာပေးဟောပြောပွဲနှင့် ပြပွဲ၊ ပြိုင်ပွဲများကို စက်တင်ဘာလ ၄ ရက်က မြောင်းမြမြို့ရှိ လေ့ကျင့်ရေးအခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးဒေါ်ခင်ရှုပါအေးက နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ဖြစ်ပေါ်လာပုံ၊ နိုင်ငံတကာစာတတ်မြောက်ရေးလှုပ်ရှားမှုအကျိုးကျေးဇူးများကြောင့် နိုင်ငံဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူဖြစ်ကြောင်း၊ ကျန်းမာရေးအသိပညာများရရှိစေမည့် စာဖတ်ခြင်း၊ ဗဟုသုတရှာမှီးခြင်းတို့ကို အစဉ်အမြဲ လေ့လာဆည်းပူးနေကြရမည်ဖြစ်ကြောင်း အသိပညာပေးဟောပြောသည်။

ထို့နောက် စာဖတ်စွမ်းရည် မြင့်မားလာစေရန်ရည်ရွယ်၍ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲများ ဆက်လက်ကျင်းပသည်။ ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော နံရံကပ်စာစောင်များနှင့် စာအုပ်၊ စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ဇေယျာ(မြောင်းမြ)**

# မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးရေရရှိရေးနှင့် သီးနှံအထွက်နှုန်း ကောင်းမွန်ရေး ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ကွင်းဆင်းဆောင်ရွက်



နေပြည်တော် စက်တင်ဘာ ၅

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအတွင်း မိုးစပါးမျိုးသစ်နှင့် မိုးချည်မျှင်ရှည်ဝါစိုက်ခင်းများ၊ ရေလွှဲဆည်နှင့် ရေလှောင်တမံများ၏အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် သင်ပန်းကုန်းကျေးရွာအုပ်စု တောင်သူ ဦးမောင်မောင်နိုင်၏ အရည်အသွေးကောင်း အထွက်ကောင်း မိုးစပါးမျိုးသစ် (YSR-1)စံပြကွက် ဧက ၄၀ စိုက်ခင်း၊ ဘွက်ကျေးရွာအုပ်စု သိမ်ကုန်းရှေ့တန်းစခန်းအနီးရှိ တောင်သူ ဒေါ်ဖြူဖြူဝင်း စိုက်ပျိုးထားသော မိုးချည်မျှင်ရှည်ဝါ(B-31) စိုက်ခင်းနှင့် ကျီးနီကန်အတွင်းသို့ စီးဝင်လျက်ရှိသည့် ရေဝင်ချောင်းတို့ကို ကွင်းဆင်းကြည့်ရှုပြီး သီးနှံပုံစံအလိုက် မြေနေရာရွေးချယ်ရာတွင် ဒေသရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီမှုရှိစေရေး၊ ပန်းတိုင်အထွက်ရရှိရေးနှင့် သီးထပ်စွမ်းအားမြှင့်တင်နိုင်ရေးအတွက် ဒေသခံတောင်သူများနှင့် သက်ဆိုင်ရာဦးစီးဌာနများ ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပျော်ဘွယ်မြို့နယ် ချောင်းမကြီးရေလှောင်တမံ၏ တာတွင်လှရေလွှဲဆည် ထိန်းသိမ်းထားရှိမှုနှင့် ချောင်းမကြီးဆည်ရေသောက်စနစ် ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် မိုးစပါးရေပေးဝေမှု အခြေအနေများကိုလည်းကောင်း၊ ချောင်းကောက်ရေလှောင်တမံ၏ ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှု၊ မိုးစပါးရေပေးဝေနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ချောင်းကောက်ရေလှောင်တမံမှ မိတ္ထီလာကန်သို့ ရေပေးသွင်းသည့် ဆက်သွယ်မြောင်းနှင့် ဆက်သွယ်မြောင်းတစ်လျှောက်ရှိ လွှန်ငင်ရေလှောင်တမံ၊ လက်ခုပ်ပင်ရေလှောင်တမံနှင့် ညောင်ကုန်းရေလှောင်တမံတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၀)

## ယာယီပြောင်းရွှေ့နေထိုင်သူအိမ်ထောင်စုများအား APTERR အစီအစဉ်ဖြင့်လှူဒါန်းသော ဆန်ရိက္ခာများ ထောက်ပံ့



ဘားအံ စက်တင်ဘာ ၅

ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးနှင့်တာဝန်ရှိသူများသည်ယနေ့နံနက်ပိုင်းတွင် ယာယီပြောင်းရွှေ့နေထိုင်သူအိမ်ထောင်စုများအား Asean Plus Three Emergency Rice Reserve(APTERR) အစီအစဉ်ဖြင့် လှူဒါန်းသောဆန်ရိက္ခာများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့ အမှတ်(၁)ရပ်ကွက် မိုးလုံလေလုံအားကစားခန်းမ၌ ယာယီပြောင်းရွှေ့နေထိုင်သူအိမ်ထောင်စုများနှင့်တွေ့ဆုံ၍ ယာယီပြောင်းရွှေ့နေထိုင်သူအိမ်ထောင်စု ၃၆၈ စု၊ လူဦးရေ ၁၅၁၉ ဦးအတွက် APTERR အစီအစဉ်ဖြင့်လှူဒါန်းသော ဆန်ရိက္ခာများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းဓမ္မာရုံ၌ ယာယီပြောင်းရွှေ့နေထိုင်သူများနှင့်တွေ့ဆုံ၍ အားပေးစကားများ ပြောကြားပြီး အိမ်ထောင်စု ၁၀၈၃ စု၊ လူဦးရေ ၄၂၈၆ ဦးအတွက် APTERR အစီအစဉ်ဖြင့်လှူဒါန်းသော ဆန်ရိက္ခာများအား ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် သမိုင်းဝင် ကြောင့်ကမ်းလာဘ်စေတီတော်ဓမ္မာရုံ၌ ယာယီပြောင်းရွှေ့နေထိုင်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး အိမ်ထောင်စု ၂၁၃ စု၊ လူဦးရေ ၈၁၂ ဦးအတွက် APTERR အစီအစဉ်ဖြင့်လှူဒါန်းသော ဆန်ရိက္ခာများကိုထောက်ပံ့ပေးအပ်ကာ ယာယီပြောင်းရွှေ့နေထိုင်သူများအား ရင်းနှီးနွေးထွေးစွာ တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ရန်ပုံငွေကျပ် ၁၃၂ ဒသမ ၉၇၅ သန်းဖြင့် မြသမီးတော်ကုမ္ပဏီမှဆောင်ရွက်သော ဘားအံမြို့နယ် ကြောင့်ကမ်လာဘ်ဘုရားကန်ပတ်လမ်းအား ၁၂ ပေအကျယ်၊ ထု ၆ လက်မရှိ ကွန်ကရစ်ခင်းခြင်း ၆ ဖာလုံအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပညာရေးဝန်ကြီးဌာနအောက်ရှိ Naypyitaw State Academy တို့ပူးပေါင်း၍ "လူငယ်နှင့် ကျင့်ဝတ်စံနှုန်းများ" လူငယ်စကားဝိုင်းကျင်းပ



နေပြည်တော် စက်တင်ဘာ ၅

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ပညာရေးဝန်ကြီးဌာနအောက်ရှိ Naypyitaw State Academy တို့ပူးပေါင်း၍ ကျင်းပသည့်"လူငယ်နှင့် ကျင့်ဝတ်စံနှုန်းများ" လူငယ်စကားဝိုင်းကို ယနေ့မွန်းလွဲပိုင်းတွင် Naypyitaw State Academy အစည်းအဝေးခန်းမ၌ကျင်းပရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုး၊ Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာနုနုလွင်၊ ကော်မရှင်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ Naypyitaw State Academy မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ကျောင်းသား၊ ကျောင်းသူ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုးက လူငယ်များသည် ပြဿနာများကိုဖြေရှင်းရာတွင် တီထွင်ဖန်တီးနိုင်စွမ်းရှိကြကြောင်း၊ လူငယ်များအနေဖြင့် ဆန်းသစ်သည့် အတွေးအခေါ်များနှင့် ခေတ်မီနည်းပညာအသစ်များကို ကောင်းမွန်စွာအသုံးချ၍ အဂတိလိုက်စားမှုပုံစံအမျိုးမျိုးကို ပိုမိုထိရောက်စွာ တိုက်ဖျက်သွားနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း၊ အဂတိလိုက်စားမှုကိုတွန်းလှန်တိုက်ဖျက်ရာ၌ ဖြောင့်မတ်တည်ကြည်မှုကို အခြေခံသော Integrity Pact များ ဖြစ်ပေါ်လာစေရန် နိုင်ငံသားတိုင်းက ကျင့်ဝတ်များကို ကိုယ်စီစောင့်ထိန်းလိုက်နာကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် "လူငယ်နှင့်ကျင့်ဝတ်စံနှုန်းများ" ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပပြီး Naypyitaw State Academy မှ ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဆွေးနွေးသူများအဖြစ် ပါဝင်ဆောင်ရွက်ကြသည့် ကျောင်းသား၊ ကျောင်းသူများက ရင်းနှီးပွင့်လင်းစွာ ပြန်လည်ဖြေကြားခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၀)

### ■ ရှေ့ဖုံးမှအဆက်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှခွင့်ပြုထုတ်ပေးထားသည့် Remittance Business License (RBL)ရရှိသူများဖြင့်ဖြစ်စေ၊ ဘဏ်စနစ်ဖြင့်ချိတ်ဆက်ထားသော နိုင်ငံတကာငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများဖြင့်ဖြစ်စေ တစ်လလျှင်တစ်ကြိမ် လုပ်ခလစာ၏ ၂၅% သို့မဟုတ် အများဆုံး ၃ လလျှင် တစ်ကြိမ် ၃ လစာ စုစုပေါင်း၏ အနည်းဆုံး ၂၅ % ကို မိမိ၏မိသားစုဝင်များထံသို့ သို့မဟုတ် မိခင်နိုင်ငံရှိ မိမိ၏ဘဏ်စာရင်းသို့ လွှဲပြောင်းပေးပို့ရမည်။

၂။ အပိုဒ် ၁ ပါ နည်းလမ်းများအတိုင်း မိမိ၏မိသားစုဝင်များထံသို့ တရားဝင်လွှဲပို့ထားသော မိသားစုလွှဲပို့ငွေများကို တည်ဆဲဥပဒေများနှင့်အညီ ဝင်ငွေရလမ်းဖော်ပြနိုင်သောငွေအဖြစ် ခံစားခွင့်ရရှိနိုင်ရေး တရားဝင်လွှဲပြောင်းပေးပို့ခဲ့သည့်အထောက်အထားစာရွက်စာတမ်းများကို သေချာစွာသိမ်းဆည်းထားရမည်။

၃။ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်နေသည့် အလုပ်သမားများသည် အပိုဒ် ၁ ပါနည်းလမ်းများအတိုင်း တရားဝင်ငွေလွှဲပေးပို့ထားသည့် အထောက်အထားများကို မိမိအားတာဝန်ယူစေလွှတ်ခဲ့သည့် အေဂျင်စီထံသို့ မပျက်မကွက် မိတ္တူပေးပို့ရမည်။

၄။ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများသည် မိမိစေလွှတ်ခဲ့သည့် အလုပ်သမားများအား တရားဝင်ငွေလွှဲပြောင်းပေးပို့ရာတွင် လွယ်ကူ၊ မှန်ကန်၊ မြန်ဆန်စေရေး လိုအပ်သည်များကူညီဆောင်ရွက်ပေးရမည့်အပြင် အလုပ်သမားများမှ လစဉ်လွှဲပို့သည့် အထောက်အထားများကို အလုပ်သမားဝန်ကြီးဌာနသို့ လချုပ်အဖြစ် အထောက်အထားများပူးတွဲလျက် မပျက်မကွက်တင်ပြရမည်။

၅။ ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် အပိုဒ် ၁ ပါ နည်းလမ်းများအတိုင်း မိမိ၏မိသားစုဝင်များထံသို့ မိသားစုလွှဲပို့ငွေလွှဲပြောင်းပေးပို့ရန် ပျက်ကွက်သည်ကို စိစစ်တွေ့ရှိရပါက ပြည်ပသို့ အလုပ်ဖြင့်ထွက်ခွာမှုကို ကာလအကန့်အသတ်ဖြင့် ပိတ်ပင်ခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (Overseas Worker Identification Card – OWIC) ထုတ်ပေးမှုမပြုခြင်း၊ နိုင်ငံကူးလက်မှတ်သက်တမ်းတိုးမြှင့်ခွင့်မပြုခြင်းစသည်တို့အပြင် လိုအပ်သလို စိစစ်အရေးယူဆောင်ရွက်ခြင်းခံရမည်ဖြစ်သည်။

၆။ ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် မိမိ၏မိသားစုဝင်များထံသို့ ငွေလွှဲပို့ရာတွင် မိသားစုလွှဲပို့ငွေများကို တရားမဝင်ဟွန်ဒီလုပ်ငန်းလုပ်ကိုင်သူများမှတစ်ဆင့် ငွေလွှဲပြောင်းပေးပို့ခြင်းမပြု (မပြု)ကြရန်နှင့် တရားဝင်လမ်းကြောင်းများမှသာ လွှဲပြောင်းပေးပို့ကြရမည်ဖြစ်သည်။

**မြင့်နောင်**
**ပြည်ထောင်စုဝန်ကြီး**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပဲခူးတိုင်းဒေသကြီးအတွင်း လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



ပဲခူး စက်တင်ဘာ ၅

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ယမန်နေ့မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်၍ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အောက်တိုဘာလ ၁ ရက်မှ စတင်ကောက်ယူတော့မည်ဖြစ်ရာ အသုံးပြုရမည့်အထောက်အကူပြုပစ္စည်းများ သတ်မှတ်နေရာသို့အချိန်မီရောက်ရှိစေရန် လိုအပ်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်း ဖွင့်လှစ်ခဲ့ပြီးဖြစ်သလို ခရိုင်အဆင့်နည်းပြသင်တန်းများ စတင်ဖွင့်လှစ်လျက်ရှိပြီး မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းများအား သတ်မှတ်ရက်အတိုင်း ဖွင့်လှစ်ပို့ချနိုင်ရေး ပြင်ဆင်ထားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးသန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီအတွင်းရေးမှူး တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူးက အောက်တိုဘာလ ၁ ရက်တွင် စတင်ကောက်ယူမည့် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူမည့် လုပ်ငန်းစဉ်နှင့် ဆောင်ရွက်သွားရမည့် လုပ်ငန်းစီမံချက်အား Power Point ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက မြေပြင်စာရင်းကောက်ကွက်များအလိုက် လုံခြုံရေးလိုက်ပါဆောင်ရွက်ပေးသွားမည့်အစီအမံများကိုလည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူးက မြေပြင်စာရင်းကောက်ယူရေးနှင့်ရုံးလုပ်ငန်းသီးခြားဖွဲ့စည်းဆောင်ရွက်သွားမည့်အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ၁၇၄၅၊ ကျေးရွာပေါင်း ၆၅၀၀ ရှိပြီး လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် စာရင်းစစ် ၉၃၈ ဦး၊ စာရင်းကောက် ၃၃၂၂ ဦး စုစုပေါင်း ၄၂၅၉ ဦး ခန့်အပ်တာဝန်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

# ဝန်ကြီးဌာနကိုယ်စားပြု တက္ကသိုလ်ဘောလုံးအသင်းများမှ အားကစားသမားများ၊ အသင်းအုပ်ချုပ်သူနည်းပြများ၊ ဝန်ထမ်းများအား ဒုတိယဝန်ကြီး ဦးမြင့်စိုး တွေ့ဆုံအားပေးစကားပြောကြား



နေပြည်တော် စက်တင်ဘာ ၅

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်ဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကစားခဲ့သော ဝန်ကြီးဌာနအောက်ရှိသမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်)နှင့် (စစ်ကိုင်း)တို့မှ အားကစားသမားများ၊ အသင်းအုပ်ချုပ်သူနည်းပြများနှင့် ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲဝင်ဘောလုံးသမားများ၊ အသင်းအုပ်ချုပ်သူနည်းပြများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက တက္ကသိုလ်ဘောလုံးအသင်းနှင့် နည်းပြများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ အမြဲတမ်းအတွင်းဝန်က ဂုဏ်ပြုလက်ဆောင်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) ၌ကျင်းပသည့် ဌာနအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းဝန်ထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က ဝန်ထမ်းများလိုက်နာဆောင်ရွက်ရန်အချက်များနှင့် ရှောင်ကြဉ်ရန်အချက်များကို ရှင်းလင်းပြောကြားပြီး ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က ဌာန၏ လုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး(စီမံ)က ဝန်ထမ်းသက်သာချောင်ချိရေး ဆောင်ရွက်ပေးထားမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဝန်ထမ်းများ၏တင်ပြချက်မှုအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝန်ထမ်း ၄၈၂ ဦးအတွက် တစ်ဦးလျှင် မြေပဲဆီသန့် ၅၀ ကျပ်သားစီ ပေးအပ်ခဲ့ကြောင်း သိရသည်။

(၅၀၀)

# လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၅

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Myanmar Brilliance Auto Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် KAIYI B-EV အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)



## စစ်တောင်းမြစ်ရေ တောင်ငူမြို့တွင် စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိနေ

နေပြည်တော် စက်တင်ဘာ ၅

ယနေ့နံနက် ၇ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၁၉ ဒသမ ၆၉ ပေ (၆၀၀ စင်တီမီတာ) အထက်သို့ ၄ လက်မခန့် (၁၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

# အခြေခံမော်တာစက်ချုပ်သင်တန်းနှင့် တစ်ဆင့်မြင့်မော်တာစက်ချုပ်သင်တန်းဖွင့်လှစ်မည်

ရန်ကုန် စက်တင်ဘာ ၅

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း(MGMA)မှကြီးမှူး၍ အခြေခံမော်တာစက်ချုပ်သင်တန်းအမှတ်စဉ်(၂၄၃) နှင့် တစ်ဆင့်မြင့်မော်တာစက်ချုပ်သင်တန်းအမှတ်စဉ်(၈)တို့ကို ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

အခြေခံမော်တာစက်ချုပ်သင်တန်းကို စက်တင်ဘာလ ၁၆ ရက်မှ အောက်တိုဘာလ ၄ ရက်ထိလည်းကောင်း၊ တစ်ဆင့်မြင့်မော်တာစက်ချုပ်သင်တန်းကို စက်တင်ဘာလ ၁၆ ရက်မှ ၂၇ ရက်ထိလည်း ကောင်း မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ၌ ဖွင့်လှစ်သွားမည်ဖြစ်သည်။

အခြေခံမော်တာစက်ချုပ်သင်တန်းတွင် အထည်ချုပ်လုပ်ခြင်းဆိုင်ရာ၌ သိသင့်သိထိုက်သည့်ဗဟုသုတများ၊ ချုပ်နည်းအဆင့်ဆင့်များကို လက်တွေ့သင်ကြားပေးမည်ဖြစ်ပြီး အလုပ်သမားဥပဒေဆိုင်ရာ သိကောင်းစရာများကိုလည်း ရှင်းလင်းပြောကြားပေးမည်ဖြစ်သည်။

ထို့အတူ တစ်ဆင့်မြင့်မော်တာစက်ချုပ်သင်တန်းတွင် အထည်များ၏အစိတ်အပိုင်းများဖြစ်သည့် အိတ်ဖုံး၊ ခရုပတ်၊ ပခုံးဒေါက်၊ အိတ်ကပ်၊ ဖောက်အိတ်ပုံစံအမျိုးမျိုး၊ ရိုးရိုးဇစ်တပ်နည်း၊ ဇစ်ပျောက်တပ်နည်း၊ ကျားဝတ်ဂျာစီ၊ သင်္ဘောသား လျှာချုပ်နည်းနှင့် ရှပ်အင်္ကျီလက်ရှည်ချုပ်နည်းတို့ကိုပါ သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါသင်တန်းများသို့ အထည်ချုပ်စက်ရုံများနှင့် နယ်ဝေးမှအလုပ်အကိုင်ရှာဖွေနေသူများ၊ အထည်ချုပ်စက်ရုံများတွင် လုပ်ကိုင်ရန် စိတ်ဝင်စားသူများတက်ရောက်နိုင်ပြီး သင်တန်းပြီးဆုံးပါက အထည်ချုပ်စက်ရုံများဖြင့်ချိတ်ဆက်ကာ အလုပ်အကိုင်ရရှိရေးကူညီဆောင်ရွက်ပေးမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများအနေဖြင့် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ (MGHRDC) အမှတ် ၄၀၀/ဘီ၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၉-၉၄၀၈၅၈၃၅၀၊ ၀၉-၄၅၀၇၂၃၂၆၂ နှင့် ၀၉-၄၀၃၉၁၂၅၇၀ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းတက်ရောက်နိုင်ကြောင်း မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ သိရသည်။

ဝန်းရံခ

# အိန္ဒိယနိုင်ငံ၊ National Defence College သင်တန်းသားများ မြန်မာနိုင်ငံရှိ အထင်ကရနေရာများသို့ လေ့လာရေးခရီးစဉ်အဖြစ် လာရောက်လေ့လာ



အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ National Defence College မှ အကြီးတန်းနည်းပြအရာရှိ(Senior Directing Staff)ဖြစ်သူ Major General Ajay Kumar Singh, AVSM, SM ဦးဆောင်သော သင်တန်းသားများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကာ အလှူငွေများပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။



အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ National Defence College မှ အကြီးတန်းနည်းပြအရာရှိ(Senior Directing Staff)ဖြစ်သူ Major General Ajay Kumar Singh, AVSM, SM ဦးဆောင်သော သင်တန်းသားများ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်အားလေ့လာပြီး စုပေါင်းဓာတ်ပုံရိုက်စဉ်။

နေပြည်တော် စက်တင်ဘာ ၅

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ National Defence College မှ အကြီးတန်း နည်းပြအရာရှိ(Senior Directing Staff)ဖြစ်သူ Major General Ajay Kumar Singh, AVSM, SM ဦးဆောင်သော သင်တန်းသားများသည် လေ့လာရေးခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့ စက်တင်ဘာလ ၁ ရက်တွင် ရောက်ရှိခဲ့ကြသည်။

အဆိုပါ သင်တန်းသားများသည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းဈေးသို့ သွားရောက်လေ့လာလည်ပတ်ခြင်း၊ သူရဲကောင်းဗိမာန် (နေပြည်တော်)သို့ သွားရောက်ဂါရဝပြုလေ့လာခြင်း၊ တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)နှင့် မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)သို့ သွားရောက်လေ့လာခြင်းများ ဆောင်ရွက်ကြသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၊ National Defence College သင်တန်းသားများသည် စက်တင်ဘာလ ၃ ရက် နံနက်ပိုင်းတွင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက တက္ကသိုလ်၏သမိုင်းကြောင်းအား ရှင်းလင်းပြသသည်။ ထို့နောက် အဆိုပါ လေ့လာရေးအဖွဲ့သည် ကျောင်းစာကြည့်တိုက်နှင့် ကျောင်းသမိုင်းပြတိုက်တို့အား လေ့လာကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

အဆိုပါလေ့လာရေးအဖွဲ့သည် ကမ္ဘာပေါ်ရှိထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ ထို့နောက်ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြကာ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

အိန္ဒိယနိုင်ငံ၊ National Defence College မှ လေ့လာရေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အိန္ဒိယနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(၁၀၀)

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ရာဇာထွန်းနှင့်တာဝန်ရှိသူများက သံဃာတော်များအား နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစဉ်။

နေပြည်တော် စက်တင်ဘာ ၅

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိပဋ္ဌိပတ္တိမာမကကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၇ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ရာဇာထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ




အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဆန်း ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

နေပြည်တော် စက်တင်ဘာ ၅

ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ယနေ့ မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဆန်းက တိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယတိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးကာ ဆန်၊ ဆီနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

၅-၉-၂၀၂၄

| | | | |
|---|---|---|---|
| ဝ | ၂ ဒသမ ၅၂ လက်မ | ဟိုင်းကြီးကျွန်း | ၂ ဒသမ ၂၀ လက်မ |
| တောင်ကြီး | ၂ ဒသမ ၄၄ လက်မ | ကသာ | ၁ ဒသမ ၉၃ လက်မ |
| ပူတာအို | ၂ ဒသမ ၂၀ လက်မ | စစ်တွေ | ၁ ဒသမ ၈၁ လက်မ |
| | | ပန်းတနော် | ၁ ဒသမ ၇၂ လက်မ |

# သန့်ရှင်းသောလေရရှိဖို့ ရင်းနှီးမြှုပ်နှံမှုစတင်စို့

ဒေါက်တာတင်အောင်ဝင်း
(ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန)




ကမ္ဘာတစ်ဝန်းတွင် လက်ရှိဖြစ်ပေါ်လျက်ရှိသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများတွင် လေထုညစ်ညမ်းမှုသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ လေထုညစ်ညမ်းမှုသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြစ်ပေါ်စေရုံသာမက လူသားတို့၏ ကျန်းမာရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း ထိခိုက်စေလျက်ရှိသည်။

လေထုညစ်ညမ်းမှုဖြစ်ပေါ်စေသည့် အဓိကအကြောင်းရင်းများမှာ မော်တော်ယာဉ်အပါအဝင် ယာဉ်အမျိုးမျိုးမှ ထုတ်လွှတ်သည့်အခိုးအငွေ့များ၊ စက်ရုံများမှ ထွက်ရှိလာသော ထုတ်လွှတ်အခိုးအငွေ့များ၊ နေအိမ်များမှ ထွက်ရှိလာသော အခိုးအငွေ့များ၊ ဆောက်လုပ်ရေးလုပ်ငန်းများမှ ထွက်ရှိလာသော အမှုန်အမွှားများ၊ မီးတောင်ပေါက်ကွဲမှု၊ မုန်တိုင်းဖြစ်ပေါ်မှုနှင့် တောမီးလောင်ကျွမ်းမှုတို့ကြောင့် ဖြစ်ပေါ်လာသော အမှုန်အမွှားများ၊ အခိုးအငွေ့များနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများနှင့် လုပ်ငန်းကဏ္ဍအသီးသီးမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများကို လေဟာပြင်တွင် မီးရှို့ခြင်းမှ ဖြစ်ပေါ်လာသော အမှုန်အမွှားများနှင့်အခိုးအငွေ့များကြောင့် ဖြစ်သည်။ လက်ရှိအချိန်တွင် ကမ္ဘာ့နိုင်ငံများ၌ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာခြင်း၊ မော်တော်ယာဉ်အသုံးပြုမှု များပြားလာခြင်း၊ မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်လာခြင်း၊ ရုပ်ကြွင်းလောင်စာအသုံးပြုမှု များပြားလာခြင်းတို့နှင့်အတူ ရာသီဥတုပြောင်းလဲလာပြီး အပူချိန်မြင့်တက်လာမှုကြောင့်ဖြစ်ပေါ်လာသည့် တောမီးလောင်ကျွမ်းခြင်းများသည်လည်း လေထုညစ်ညမ်းမှုကို ပိုမိုဖြစ်ပေါ်စေလျက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။





လေထုညစ်ညမ်းမှုနှင့်ပတ်သက်၍ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်၏ လေ့လာဆန်းစစ် တွေ့ရှိမှုများအရ-

- ⇛ လေထုညစ်ညမ်းမှုသည် ကမ္ဘာတစ်ဝန်းရှိလူသားများ၏ ကျန်းမာရေးအပေါ် အန္တရာယ်ပြုလျက်ရှိသော ပတ်ဝန်းကျင်ကျန်းမာရေးဆိုင်ရာ အကြီးမားဆုံးခြိမ်းခြောက်မှုတစ်ခုဖြစ်လာပါကြောင်း၊
- ⇛ လေထုညစ်ညမ်းမှုဖြစ်ပေါ်စေသော ညစ်ညမ်းပစ္စည်းများသည်ရာသီဥတုအပေါ် သက်ရောက်မှုရှိနေခြင်းနှင့် လေထုညစ်ညမ်းမှုမှတစ်ဆင့် ကမ္ဘာ့လေထုအတွင်း မှန်လုံအိမ်ဓာတ်ငွေ့များ ပိုမိုရောက်ရှိလာသည့်အတွက် ကမ္ဘာ့ပျမ်းမျှအပူချိန်မြင့်တက်လာခြင်းတို့ကြောင့် လေထုညစ်ညမ်းမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့သည် ဆက်စပ်လျက်ရှိပါကြောင်း၊
- ⇛ လေထုညစ်ညမ်းမှုကြောင့်လူဦးရေခုနစ်သန်းခန့်သည် အရွယ်မတိုင်မီ နှစ်စဉ်သေဆုံး နေရပါကြောင်း၊
- ⇛ ကမ္ဘာတစ်ဝန်းတွင် သေဆုံးသည့် လူကိုးဦးတွင် တစ်ဦးသည်လေထုညစ်ညမ်းမှုကြောင့်သေဆုံးလျက်ရှိနေပါကြောင်း၊
- ⇛ ၂၀၁၉ ခုနှစ်တွင် ပြင်ပလေထုညစ်ညမ်းမှုကြောင့် ကမ္ဘာ့လူဦးရေလေးသန်းခန့် သေဆုံးခဲ့ရပြီး ၂၀၁၉ ခုနှစ်အတွင်း သေဆုံးခဲ့သည့် ကမ္ဘာ့လူဦးရေ၏ ၁၅ ရာခိုင်နှုန်းသည် ပြင်ပလေထုအတွင်းရှိ ညစ်ညမ်းနေသည့် အမှုန်အမွှားများကြောင့်ဖြစ်ပါကြောင်းနှင့် အရှေ့အာရှနှင့် ဥရောပအလယ်ပိုင်းဒေသများတွင် သေဆုံးမှုအများဆုံး ဖြစ်ပေါ်ခဲ့ရပါကြောင်း၊
- ⇛ ၂၀၂၁ ခုနှစ်တွင် လေ့လာတွေ့ရှိချက်များအရ နှလုံးရောဂါ၊ ဦးနှောက်သွေးကြောပိတ်ရောဂါ၊ အဆုတ်ကင်ဆာနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားပြီး အရွယ်မတိုင်မီ နှစ်စဉ်သေဆုံးသူ ကမ္ဘာ့လူဦးရေ ၈ ဒသမ ၁ သန်းခန့်၏ သေဆုံးရခြင်းနှင့် ဆက်စပ်သည့် အဓိကဆိုးကျိုးများတွင် လေထုညစ်ညမ်းမှုသည် ဒုတိယမြောက် ဆိုးကျိုးတစ်ခုအဖြစ် လေ့လာတွေ့ရှိရပါကြောင်း၊
- ⇛ ၂၀၂၁ ခုနှစ်တွင် လေ့လာတွေ့ရှိချက်များအရ အသက် ငါးနှစ်အောက်ကလေးများ သေဆုံးသူဦးရေ ခုနစ်သိန်းကျော်သည် အိမ်တွင်းလေထုညစ်ညမ်းမှု၊ ပြင်ပလေထုညစ်ညမ်းမှုတို့နှင့် ဆက်စပ်လျက်ရှိပါကြောင်း၊
- ⇛ လေထုအရည်အသွေးစီမံခန့်ခွဲမှုဆိုင်ရာ အစီအမံများနှင့်အတူ လေထုညစ်ညမ်းမှုကို အလျင်အမြန် ဖြေရှင်းဆောင်ရွက်မှုများအတွက် ငွေကြေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်ရန် လိုအပ်နေပြီဖြစ်ပါကြောင်း။

အဆိုပါလေ့လာတွေ့ရှိချက်များအရ လေထုညစ်ညမ်းမှုကြောင့် ထိခိုက်မှုများ နှစ်စဉ်တိုးမြင့်လာသည့်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပေါ်နေသော လေထုညစ်ညမ်းမှုကို ဖြေရှင်းဆောင်ရွက်နိုင်ရန်နှင့် ကမ္ဘာပေါ်ရှိ လူသားတို့၏ ကျန်းမာရေးအပေါ် ထိခိုက်နေမှုများကို ကြိုတင်ကာကွယ်နိုင်ရန် ရည်ရွယ်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ၂၀၀၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် Air Quality Guidelines Global Update 2005 အား ပြင်ဆင်ပြီး WHO Global Air Quality Guidelines 2021 ကို ထုတ်ပြန်ခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် လေ့လာခဲ့သော ကမ္ဘာတစ်ဝန်းရှိ လေထုအရည်အသွေးအခြေအနေများအား ပြန်လည်ဆန်းစစ်ခဲ့ရာတွင် ၂၀၁၉ ခုနှစ်တွင် ကမ္ဘာ့လူဦးရေ၏ ၉၉ ရာခိုင်နှုန်းခန့်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ထားသော WHO Global Air Quality Guidelines 2021 ပါ လေထုအရည်အသွေးလမ်းညွှန်ချက်များနှင့်ကိုက်ညီမှုမရှိသော လေထုအရည်အသွေးရှိသည့်နေရာများတွင် နေထိုင်နေကြရကြောင်း လေ့လာတွေ့ရှိရသည်။

အဆိုပါလေ့လာတွေ့ရှိချက်များအရ ကမ္ဘာတစ်ဝန်းတွင် လေထုညစ်ညမ်းမှုကြောင့် ထိခိုက်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်းနှင့် လက်ရှိရင်ဆိုင်ကြုံတွေ့နေရသော ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုဆိုင်ရာ စိန်ခေါ်မှုပြဿနာများအနက်မှ လေထုညစ်ညမ်းမှုပြဿနာကို ဦးစားပေးအနေဖြင့် အလေးထားဖြေရှင်းဆောင်ရွက်သွားရန် လိုအပ်နေပြီဖြစ်ကြောင်းတို့ကို လေ့လာတွေ့ရှိနိုင်သည်။

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း၏ လေထုအရည်အသွေးကောင်းမွန်နေစေရန်နှင့် လေထုညစ်ညမ်းမှုအား ဖြေရှင်းဆောင်ရွက်မှုများ တိုးတက်လာစေရန် ရည်ရွယ်ပြီး စက်တင်ဘာလ ၇ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ (International Day of Clean Air for Blue Skies) အဖြစ် သတ်မှတ်ရန် ၂၀၁၉ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သည့် (၇၄) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံမှ ဆုံးဖြတ်ခဲ့သည်။

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့၏ ဆောင်ပုဒ်မှာ **“သန့်ရှင်းသောလေရရှိဖို့ ရင်းနှီးမြှုပ်နှံမှုစတင်စို့ (Invest in #Clean Air Now)”** ဖြစ်သည်။ အဆိုပါဆောင်ပုဒ်၏ ရည်ရွယ်ချက်မှာ လေထုညစ်ညမ်းမှုကို ကမ္ဘာ့နိုင်ငံများ ပူးပေါင်းပြီး အလျင်အမြန်ဖြေရှင်းဆောင်ရွက်နိုင်ရေး၊ လေထုအရည်အသွေး စီမံခန့်ခွဲမှုဆိုင်ရာ အစီအမံများနှင့်အတူ ဖြေရှင်းဆောင်ရွက်မှုများအတွက် ငွေကြေးနှင့်ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် လေထုညစ်ညမ်းမှုနှင့်ပတ်သက်ပြီး ကမ္ဘာပေါ်ရှိ လူသားအားလုံး၊ နိုင်ငံအားလုံး ပူးပေါင်းဖြေရှင်းဆောင်ရွက်နိုင်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ကြရန် လိုအပ်နေပြီဖြစ်ပါကြောင်းကို မီးမောင်းထိုးပြလိုခြင်းဖြစ်သည်။

လေထုညစ်ညမ်းမှုကို ကြိုတင်ကာကွယ်နိုင်ရေးအတွက်ကြိုးပမ်းဆောင်ရွက်ရာတွင်အောက်ဖော်ပြပါ သက်ဆိုင်ရာကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်နိုင်မည်ဆိုပါက လေထုညစ်ညမ်းမှုကို ပိုမိုထိရောက်စွာ ဖြေရှင်းဆောင်ရွက်သွားနိုင်မည် ဖြစ်ပါသည်-

**စာမျက်နှာ ၁၃ သို့** ❐

## New WHO Global Air Quality Guidelines

| Pollutant | | Time | 2005 levels | New 2021 levels |
|---|---|---|---|---|
| $PM_{2.5}$ | Particulate matter <2,5 microns | Annual | 10 | 5 |
| | | 24-hour | 25 | 15 |
| $PM_{10}$ | Particulate matter <10 microns | Annual | 20 | 15 |
| | | 24-hour | 50 | 45 |
| $O_3$ | Ozone | Peak season | - | 60 |
| | | 8-hour | 100 | 100 |
| $NO_2$ | Nitrogen dioxide | Annual | 40 | 10 |
| | | 24-hour | - | 25 |
| $SO_2$ | Sulfur dioxide | 24-hour | 20 | 40 |
| CO | Carbon monoxide | 24-hour | - | 4 |

❐ စာမျက်နှာ ၁၂ မှအဆက်

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ** – လေထုညစ်ညမ်းမှုအား ကြိုတင်ကာကွယ်မည့် အစီအစဉ်များနှင့် ဖြေရှင်းဆောင်ရွက်မည့် အစီအစဉ်များချမှတ်အကောင်အထည်ဖော်ခြင်း၊ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများကို ကဏ္ဍအလိုက် လျှော့ချမည့် အစီအစဉ်များချမှတ်အကောင်အထည်ဖော်ခြင်း၊ လေထုအရည်အသွေးစံချိန်စံညွှန်းများ သတ်မှတ်ပြဋ္ဌာန်းခြင်း၊ သစ်တောနှင့် ဂေဟစနစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ သဘာဝအခြေပြုဖြေရှင်းနည်းများ (Nature–Based Solutions) ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှု၊ တောမီးလောင်ကျွမ်းမှုနှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် မီးလောင်ကျွမ်းမှုများကို ကာကွယ်ထိန်းချုပ်နိုင်ရေးဆောင်ရွက်ခြင်းနှင့် သတ်မှတ်ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ လေထုအရည်အသွေး စံချိန်စံညွှန်းများနှင့် အညီ လိုက်နာဆောင်ရွက်စေရေးကြပ်မတ်ဆောင်ရွက်ခြင်း။

**စက်မှုလုပ်ငန်းကဏ္ဍ** –လေထုအရည်အသွေးကို ထိခိုက်မှုအနည်းဆုံးဖြစ်စေနိုင်သည့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရေးဆောင်ရွက်ခြင်း၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော ထုတ်လွှတ်အခိုးအငွေ့များကို သန့်စင်သည့်ကိရိယာများ တပ်ဆင်နိုင်ရေးဆောင်ရွက်ခြင်း၊ လေထုအရည်အသွေးကို ထိခိုက်မှုအနည်းဆုံးဖြစ်စေနိုင်သော သန့်ရှင်းသည့် စွမ်းအင်များကို အသုံးပြုခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်လိုက်လျောညီထွေရှိပြီး လေထုအရည်အသွေးအား ထိခိုက်မှုအနည်းဆုံးဖြစ်စေနိုင်သော နည်းပညာများကို အသုံးပြုခြင်းနှင့် လေထုညစ်ညမ်းမှုအား ကြိုတင်ကာကွယ်ထိန်းချုပ်ရေးအပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးလုပ်ငန်းများကို ထည့်သွင်းပေါင်းစပ်ဆောင်ရွက်ခြင်း။

**စွမ်းအင်ကဏ္ဍ** – လေထုညစ်ညမ်းမှုကို ကာကွယ်နိုင်သော၊ ကမ္ဘာ့အပူချိန်မြင့်တက်မှုကို လျှော့ချနိုင်သော၊ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချနိုင်သော လေအားစွမ်းအင်၊ ရေအားစွမ်းအင်၊ နေရောင်ခြည်စွမ်းအင်တို့ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးဆောင်ရွက်ခြင်း၊ လေထုအရည်အသွေးကိုထိခိုက်မှုအနည်းဆုံးဖြစ်စေနိုင်သော သန့်ရှင်းသည့်စွမ်းအင်များရရှိအောင်ဆောင်ရွက်ခြင်းနှင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာစေရေးဆောင်ရွက်ခြင်း။

**သယ်ယူပို့ဆောင်ရေးလုပ်ငန်းကဏ္ဍ** – အများသုံးသယ်ယူပို့ဆောင်ရေးစနစ်များ ဖွံ့ဖြိုးလာစေရေးဆောင်ရွက်ခြင်း၊ Electric Vehicle (EV) များ အသုံးပြုနိုင်ရေးဆောင်ရွက်ခြင်းနှင့် လေထုအရည်အသွေးကို ထိခိုက်မှုအနည်းဆုံးဖြစ်စေနိုင်သည့် သယ်ယူပို့ဆောင်ရေးစနစ်များ ဖွံ့ဖြိုးလာစေရေးဆောင်ရွက်ခြင်း။

**စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုလုပ်ငန်းကဏ္ဍ** – စွန့်ပစ်ပစ္စည်းထွက်ရှိမှု လျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်သုံးစွဲခြင်း (3R) စနစ်ဖြင့် စွန့်ပစ်ပစ္စည်းများကို စနစ်တကျစီမံခန့်ခွဲခြင်း၊ လေထုအရည်အသွေးအား ထိခိုက်မှုအနည်းဆုံးဖြစ်စေနိုင်သော နည်းပညာများကို အသုံးပြုခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသော စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု စနစ်များ တိုးမြှင့်လာစေရေးဆောင်ရွက်ခြင်း။

**မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းကဏ္ဍ** – မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ထည့်သွင်းပေါင်းစပ်ဆောင်ရွက်ခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လိုက်လျောညီထွေရှိသော မြို့ပြလူနေမှုစနစ်များ ဖွံ့ဖြိုးလာစေရေးဆောင်ရွက်ခြင်း။

**စိုက်ပျိုးရေးလုပ်ငန်းကဏ္ဍ** – လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများကို မြေဆွေးအဖြစ် ပြန်လည်အသုံးပြုခြင်းနှင့်စနစ်တကျစီမံခန့်ခွဲခြင်းနှင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးနည်းစနစ်များနှင့်နည်းပညာများကို အသုံးပြုခြင်း။

**သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းကဏ္ဍ** – နိုင်ငံအတွင်းရှိ နေရာဒေသအသီးသီးတွင် လက်ရှိဖြစ်ပေါ်နေသည့် လေထုအရည်အသွေးကို ဆန်းစစ်နိုင်ရေးနှင့် လေထုအရည်အသွေးဆိုင်ရာ အခြေခံအချက်အလက်များရရှိနိုင်ရေးအတွက် လေထုအရည်အသွေးကို စဉ်ဆက်မပြတ်စောင့်ကြည့်တိုင်းတာစစ်ဆေးပြီး လေ့လာဆန်းစစ်မှုများနှင့် သုတေသနပြုမှုများဆောင်ရွက်ခြင်းနှင့် လေထုညစ်ညမ်းမှုအား ကြိုတင်ကာကွယ်ခြင်းနှင့်ဖြေရှင်းဆောင်ရွက်နိုင်ရေးဆိုင်ရာ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးလာစေရေးဆောင်ရွက်ခြင်း။

လေထုညစ်ညမ်းမှုကို ကြိုတင်ကာကွယ်နိုင်ရေးနှင့် ဖြေရှင်းနိုင်ရေးတို့တွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ခြင်းသည် နောင်တွင် လေထုညစ်ညမ်းမှုဖြစ်ပေါ်လာသည့်အခါ ကုန်ကျမည့် ကုန်ကျစရိတ်များကို လျှော့ချပေးနိုင်မည်ဖြစ်သည်။ ကမ္ဘာပေါ်ရှိ နိုင်ငံအလိုက် လေထုညစ်ညမ်းမှုကို ကြိုတင်ကာကွယ်နိုင်ရေးနှင့် ဖြေရှင်းဆောင်ရွက်နိုင်ရေးတို့အတွက် ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ခြင်းသည် နိုင်ငံအတွင်းရှိ နိုင်ငံသူ၊ နိုင်ငံသားများ သက်ရှည်ကျန်းမာပျော်ရွှင်မှု၊ ကျန်းမာရေးနှင့် ညီညွတ်သော သန့်ရှင်းသော လေထုအရည်အသွေးနှင့် ပတ်ဝန်းကျင်ကို ရရှိနိုင်ရေးတို့အတွက် ဖြစ်သည်။ ထို့ပြင် ကမ္ဘာတစ်ဝန်းတွင် လက်ရှိဖြစ်ပေါ်နေသော လေထုညစ်ညမ်းမှုကို ဖြေရှင်းဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မှုတစ်ရပ်ဖြစ်သည်။

လေထုညစ်ညမ်းမှုကို ကြိုတင်ကာကွယ်နိုင်ရေးနှင့် ဖြေရှင်းနိုင်ရေးတို့အတွက် ဆောင်ရွက်ရာတွင် တစ်ဦးတစ်ယောက်ချင်း၊ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့်မိမိတို့၏သက်ဆိုင်ရာကဏ္ဍအလိုက် ဖွံ့ဖြိုးမှုလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ရေရှည်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးလုပ်ငန်းစဉ်များကို မဖြစ်မနေထည့်သွင်းပေါင်းစပ်ပြီး အလေးထားအကောင်အထည်ဖော်ဆောင်ရွက်ကြရန် လိုအပ်လှသည်။ ထို့ပြင် နိုင်ငံတကာတွင် အောင်မြင်မှုရရှိနေသော နည်းပညာနှင့် အတွေ့အကြုံများအပေါ် အခြေခံပြီး သဘာဝပတ်ဝန်းကျင်နှင့်ဂေဟစနစ် ရေရှည်တည်တံ့ရေး၊ မှန်လုံအိမ်ဓာတ်ငွေ့လျှော့ချရေးနှင့် လေထုညစ်ညမ်းမှုကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို စနစ်တကျစီမံဆောင်ရွက်သွားခြင်းအားဖြင့် ရေရှည်တည်တံ့ပြီး စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ဟန်ချက်ညီသော စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကိုရရှိအောင် ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

ကျွန်ုပ်တို့လူသားတိုင်း သက်ရှည်ကျန်းမာပျော်ရွှင်စွာ ရှင်သန်နိုင်ရေး၊ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ရှိ လေထုအရည်အသွေးကို ကောင်းမွန်သန့်ရှင်းနေစေရေးနှင့် သန့်ရှင်းသော ပတ်ဝန်းကျင်နှင့်ကောင်းမွန်သော ဂေဟစနစ်တို့အား ဆက်လက်ထိန်းသိမ်းသွားနိုင်ရေးတို့ကို မျှော်မှန်းပြီး လေထုညစ်ညမ်းမှု ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သွားနိုင်ရန် အလေးအနက်ရည်မှန်းလျက် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့တွင် ကျရောက်မည့် **အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသော လေထုနေ့ (International Day of Clean Air for Blue Skies)** အား ဂုဏ်ပြုကြိုဆိုအပ်ပါသည်။ ။

## တို့ပြည်အားထား လယ်သမား

➡ တိုင်းနိုင်ငံ လွှန်အေးချမ်း
ဘေးမသန်း သာယာ။
မြစ်ရော နဒီကြော
စည်ပြော လျက်ပါ။
အဆင်းလှ ပြည်မြန်မာ
စားဖွယ်ရာ အလွှန်များ။
ပဲ ပြောင်း ဝါ နှမ်းတစ်လှည့်
တိုးချဲ့အားထား။

➡ တို့လယ်ယာ ဆန်စပါး
ရွှေအသား ဝင်းဝင်းဝါ။
နည်းပညာ ဆတက်ပိုး
ထွက်တိုးလို့သာ။
စိုက်ပျိုးရေး အစဉ်လာ
သွေမကွာ တို့ခေလေ့။
စပါးဆန် ဖူလုံသား
အားထားပါပေ့။

➡ အတွေးခေါ်မှန်သရွေ့
ကမ္ဘာ့ရေ့ လျှမ်းလို့ချီ။
ရွှေမြန်မာ ရောင်စဉ်တန်း
အေးချမ်းရမည်။
မျိုးမြတ်တဲ့ မြန်မာပြည်
အာဇာနည် စိတ်ထား။
ဩော်.....
ပြည့်ဝမ်းစာ တစ်တပ်တစ်အားမို့
ရည်မှန်းကာ လယ်သမားတို့ရဲ့
သည်ကမ်းသာ ရောတစ်ဝှမ်းမှာလ
ရွှေရောင်လွှမ်း ဆေးပန်းချီလိုပေါ့
တေးဝေသီ မြန်မာအကြိုက်မို့
(ကွယ်တို့ရေ)
စိုက်ကြစပါး။ ။

**ရွှေလက်ပံ(မဲဇလီ)**

## သဇင် (FM)အသံလွှင့်အစီအစဉ်

၆-၉-၂၀၂၄(သောကြာနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၈:၀၀ | For Youth | | | |
| ၂။ | ၁၀:၀၀ | သတင်း/သီချင်း | ၄။ | ၁၇:၀၀ | ထူးခြားထင်ရှား |
| ၃။ | ၁၃:၀၀ | တိုင်းရင်းသား | | | ကမ္ဘာတစ်လွှား |
| | | စကားပြောကြ | ၅။ | ၁၉:၀၀ | စစ်သည်ကဏ္ဍ |
| | | ရအောင် | ၆။ | ၂၁:၂၀ | စာလာတယ်ဗျို့ |

# အခြေခံစားသောက်ကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာရောင်းချပေး



**မော်လမြိုင် စက်တင်ဘာလ ၅**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မော်လမြိုင်ပညာရေးဒီဂရီကောလိပ်တွင် ကိုယ်တိုင်စိုက်ပျိုး၊ မွေးမြူ ထုတ်လုပ်၊ ဖြန့်ဖြူးသူများနှင့် ဆန်စက်၊ ဆီစက်လုပ်ငန်းရှင်များ၊ ကုန်သည်များမှ ဆန်၊ စားသုံးဆီ၊ အသား၊ ငါး၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များအား သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးနေမှုကို စက်တင်ဘာလ ၄ ရက် နံနက်ပိုင်းတွင် ကြည့်ရှုအားပေးကြကြောင်း သိရသည်။

ထိုသို့ရောင်းချပေးနေမှုကို ဆရာ၊ ဆရာမများဝန်ထမ်းများနှင့် အဆောင်နေကျောင်းသား၊ ကျောင်းသူများလာရောက်ဝယ်ယူကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း ကုန်ဈေးနှုန်းတည်ငြိမ်အောင်ဆောင်ရွက်ကြရန်၊ ကုန်ထုတ်လုပ်သူများအနေဖြင့် အခြေခံစားကုန်များကို လုံလောက်စွာ ထုတ်လုပ်ရန်နှင့် အများပြည်သူများအတွက် အဖြစ်သင့်ဆုံးဈေးနှုန်းဖြင့် ထိန်းညှိရောင်းချပေးကြရန် မှာကြားကာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

(၄၀၆)

# ထိုင်းနိုင်ငံ၌ သွားရောက်အလုပ်လုပ်ကိုင်မည့် အလုပ်သမားများအား လုပ်ငန်းခွင်လေ့ကျင့်သင်ကြားပေးနေမှု ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် ကြည့်ရှုစစ်ဆေး




**နေပြည်တော် စက်တင်ဘာ ၅**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ ပြည်ပအလုပ်အကိုင်အကျိုးဆောင် (ထိုင်း) လိုင်စင်ရအေဂျင်စီဖြစ်သည့် VDM Co., Ltd. ၌ ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်မည့် အလုပ်သမားများအား မိသားစုလွှဲပို့ငွေ ၂၅ ရာခိုင်နှုန်း တရားဝင်လမ်းကြောင်းမှ လွှဲပို့စေရေး၊ ထိုင်းနိုင်ငံ၏ ဥပဒေများ၊ ယဉ်ကျေးမှုများနှင့် လုပ်ငန်းခွင်အတွင်း လိုက်နာရမည့် စည်းကမ်းများ၊ ဆောင်ရန်၊ ရှောင်ရန်အချက်များနှင့် စပ်လျဉ်း၍ လုပ်ငန်းခွင်အကြိုသင်တန်း သင်ကြားပို့ချနေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ Myanmar Longsheng Fashion Co., Ltd. အထည်ချုပ်စက်အစည်းအဝေးခန်းမ၌ စက်ရုံတာဝန်ခံနှင့် မန်နေဂျာ၊ အလုပ်သမားအဖွဲ့အစည်းဝင်များ၊ လုပ်ငန်းခွင်ညှိနှိုင်းရေးကော်မတီဝင်များ၊ ကျန်းမာရေးတာဝန်ခံများနှင့်တွေ့ဆုံ၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှု လျော့နည်းကျဆင်းစေရေး၊ အလုပ်သမားဥပဒေပါ အကျိုးခံစားခွင့်များရရှိစေရေး၊ အလုပ်သမားများ လုပ်ငန်းခွင် စည်းကမ်းလိုက်နာစေရေးတို့အတွက် အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ်(EC)ကို အလုပ်သမားငါးဦးနှင့်အထက်ရှိသည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများတွင် EC စာချုပ်ချုပ်ဆိုဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် စက်ရုံတွင်း အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC) ဖွဲ့စည်းဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခြင်းတို့ကို အလေးထားဆောင်ရွက်ရန်မှာကြားပြီး စက်ရုံတွင်း အလုပ်သမားများ အေးချမ်းစွာ အလုပ်လုပ်ကိုင်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၀)

# "Blue Pansy"လိပ်ပြာပုံ (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ်ရောင်းချပေးမည်




**နေပြည်တော် စက်တင်ဘာ ၅**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၌တွေ့ရှိရသော လိပ်ပြာမျိုးစိတ်အဖြစ် မှတ်တမ်းတင်သဘောထားမှတ်ချက်ပြုထားသည့် "Blue Pansy" လိပ်ပြာပုံ** (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် (၁) မျိုးအား **၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၉) ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း (၇) ရက် (တနင်္လာနေ့) နံနက် ၉ နာရီခွဲ**မှစတင်၍ နေပြည်တော်ဇဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် **၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၉)ရက် (တနင်္လာနေ့)**တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးသွားမည်ဖြစ်သည်။

(သတင်းစဉ်)

# ပဲခူးဒေသထွက်ငါးချဉ်များ ဝယ်ယူသူများပြားသဖြင့် ရောင်းအားကောင်းနေ

**ပဲခူး စက်တင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တွင် ဒေသထွက်ကုန်အနေဖြင့် ငါးချဉ်လုပ်ငန်းအားတစ်နိုင်တစ်ပိုင်လုပ်ကိုင်လျက်ရှိပြီး ပဲခူးမြို့အခြေပြု ထုတ်လုပ်ရောင်းချလျက်ရှိသော ငါးချဉ်အမှတ်တံဆိပ်များတွင် ငွေငါး၊ ပဲခူး(မနီ)၊ အေးမိစံ၊ ကမ္ဘာကျော်၊ ကောင်းထက်စံ၊ ပဲခူးအောင်၊ မမွန်လေး၊ မနိုင်၊ ကျော်ကြား၊ ရွှေဟင်္သာ စသည့် တံဆိပ်အသီးသီးဖြင့် ထုတ်လုပ်ရောင်းချလျက်ရှိပြီး ဝယ်ယူစားသုံးသူများပြားနေသဖြင့် ရောင်းအားကောင်းနေကြောင်း ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

ငါးချဉ်ပြုလုပ်ရာတွင် အဓိကအသုံးပြုသည့် ငါးအမျိုးအစားမှာ ငါးဖယ်ဖြစ်ပြီး ငါးဖယ်ရှားပါးသောအချိန်ကာလများတွင် ငါးမြစ်ချင်းငါးကို အစားထိုးထုတ်လုပ်ကြပြီး ကုန်ကြမ်းအဖြစ် အသုံးပြုသည့် ငါးများကို ပဲခူးမြို့ရှိ ငါးဒိုင်များမှ ဝယ်ယူအသုံးပြုလျက်ရှိသည်။ ငါးချဉ်ထုပ်ပိုးရန် တောင်စွန်းဖက်ရွက်များကို အသုံးပြုပြီး ငါးချဉ်တစ်ထုပ်လျှင် ငါးချဉ် ၈ ကျပ်သားခန့်ပါရှိကြောင်း သိရသည်။

ငါးချဉ်ထုတ်လုပ်သည့် လုပ်ငန်းငယ်တစ်ခုတွင် တစ်ရက်လျှင် ငါးပိဿာချိန် ၁၀ မှ ၉၀ အထိ အသုံးပြု၍ ငါးချဉ်ထုတ်လုပ်နိုင်ပြီး ငါးပိဿာချိန် ၁၀ လျှင် ငါးချဉ် ၁၀ ကျပ်သားပါ အထုပ်အရေအတွက် ၂၀၀ ခန့် ထွက်ရှိသည်။ ဈေးနှုန်းအနေဖြင့် ဩဂုတ်လတတိယပတ်တွင် ငါးချဉ် ၁၀ ကျပ်သားနှစ်ထုပ်ပါ တစ်ဘူးလျှင် ငွေကျပ် ၄၀၀၀၊ ပုစွန်ချဉ် ၁၀ ကျပ်သား နှစ်ထုပ်ပါ တစ်ဘူးလျှင် ငွေကျပ် ၄၅၀၀ ဖြင့် ရောင်းချလျက်ရှိသည်။ ဈေးကွက်အနေဖြင့် ဒေသတွင်းရှိ ဘုရားကြီး၊ မဒေါက်၊ ရွှေကျင်၊ ဒိုက်ဦး၊ ဝေါ၊ ပြွန်တန်ဆာစသည့်မြို့တို့သို့ တင်ပို့ရောင်းချသည့်အပြင် ရန်ကုန်မြို့သို့လည်း တင်ပို့ရောင်းချလျက်ရှိရာ ဝယ်ယူစားသုံးသူများပြားလျက်ရှိကြောင်း သိရသည်။

**ဇော်မျိုး(မြဝတီ)**




**၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာသန့်ရှင်းသောလေထုနေ့**

**(International Day of Clean Air for Blue Skies)အထိမ်းအမှတ်ဆောင်ပုဒ်**

**"သန့်ရှင်းသောလေရရှိဖို့ ရင်းနှီးမြှုပ်နှံမှုစတင်စို့"**

**"Invest in #Clean Air Now"**

# နေပြည်တော်အတွင်း သန့်ရှင်းသာယာရေးနှင့် သီးနှံစိုက်စွမ်းအားတိုးမြှင့်နိုင်ရေး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ကွင်းဆင်းဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၅**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၈ နာရီတွင် ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းဟောင်းဘေး သန့်ရှင်းသာယာရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး စက်ယန္တရားများဖြင့် တူးဖော်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပျဉ်းမနားမြို့နယ် ဇီးဖြူပင်ကျေးရွာအုပ်စု ဇီးဖြူပင်ကျေးရွာရှိ ကွင်းအမှတ် ၁၇၂၁ ၌ ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးကို ခြောက်တန်းသွား ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းသရုပ်ပြ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် တောင်သူများက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကိုတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများအား အသိပညာပေးဆောင်ရွက်နေသည့် သဘာဝမြေဆွေးများနှင့် သဘာဝမြေဩဇာများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည်ပျဉ်းမနား-ညောင်ယံသာကျေးရွာနှင့် မွန်းတည့်ခွင်သို့ ဆက်သွယ်ထားသည့် ကတ္တရာလမ်းပြုပြင်ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး လမ်းများ ရေရှည်ကြံ့ခိုင်ကောင်းမွန်စေရေး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း သီးနှံစိုက်စွမ်းအားတိုးမြှင့်နိုင်ရေးအတွက် မျိုးစေ့ထုတ်ကုမ္ပဏီများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ရေး လုပ်ငန်းစဉ်များ၊ စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်နေမှုနှင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးနေမှု အခြေအနေများကိုလည်းကောင်း၊ မျိုးစေ့ထုတ်ကုမ္ပဏီများက မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးနေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက ဖြည့်စွက်ဆွေးနွေးတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေး၍ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(၅၀၀)

# ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးလုပ်ငန်းများနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော်    စက်တင်ဘာ    ၅

ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးလုပ်ငန်းများနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့်သင်တန်းကျောင်း (Myanmar CDC) ၌ Virtual စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက Mpox ရောဂါသည် မိမိတို့နှင့် အိမ်နီးချင်းနိုင်ငံများတွင် ဖြစ်ပွားလျက်ရှိသော်လည်း မြန်မာနိုင်ငံတွင် ကူးစက်ဖြစ်ပွားမှုမရှိသေးကြောင်း၊ ပြည်တွင်းသို့လာရောက်သည့် နိုင်ငံတကာအဝင်ဂိတ်ပေါက်များမှ ဝင်ရောက်လာမည့် ခရီးသည်များမှတစ်ဆင့် ကူးစက်ဖြစ်ပွားမှုမရှိစေရေး စနစ်တကျစီစဉ်ဆောင်ရွက်ထားရှိကြောင်း၊ Mpox ရောဂါသည် ကိုဗစ်-၁၉ ရောဂါကဲ့သို့ ကူးစက်မြန်ရောဂါမဟုတ်ဘဲ ရောဂါဖြစ်သူနှင့် အနီးကပ်ထိတွေ့ဆက်ဆံမှသာ ကူးစက်နိုင်သည့်ရောဂါဖြစ်ကြောင်း၊ ရောဂါဖြစ်ပွားနိုင်သည့် လူအုပ်စု (Special targeted group) များအလိုက်အသိပညာပေးကာကွယ်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရန်သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများအနေဖြင့် ကူးစက်ရောဂါနှင့် မကူးစက်တတ်သောရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို နိုင်နင်းစွာဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပြီး ကျေးလက်ဒေသများရှိ ကျန်းမာရေးဌာနများအထိ ဆေးဝါးများနှင့် ပစ္စည်းကိရိယာများကို လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကျန်းမာရေးဌာနများနှင့် ဆေးရုံများဖွင့်လှစ်ဆောင်ရွက်မှု၊ ကျန်းမာရေးစောင့်ရှောက်ပေးမှု၊ သားဖွားခန်းများတွင် မွေးဖွားပေးနိုင်မှု၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနရှိ စီမံချက်လုပ်ငန်းများမှ ဆေးဝါးများ၊ ဆေးပစ္စည်းကိရိယာများရရှိမှု၊ သုံးစွဲမှုအခြေအနေ၊ ဆေးရုံများတွင် ဆေးဝါးများ၊ ဆေးပစ္စည်းကိရိယာများရရှိမှု၊ သုံးစွဲမှုအခြေအနေ၊ Mpox ရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါအပါအဝင် ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ သဘာဝဘေးအန္တရာယ်များအတွက် ကျန်းမာရေးကဏ္ဍကြိုတင်ပြင်ဆင်ထားရှိမှုနှင့် တုံ့ပြန်ဆောင်ရွက်မှုအခြေအနေတို့နှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားပြီး ထပ်မံဖြည့်ဆည်းပေးရန် လိုအပ်သည်များကို တင်ပြကြသည်။

ယင်းနောက် ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ (၅၀၀)

## AYA Pay Futsal Championship 2024 ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား



ရန်ကုန်    စက်တင်ဘာ    ၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် AYA Pay Futsal Championship 2024 ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့နံနက် ၉ နာရီခွဲမှစတင်ပြီး ရန်ကုန်မြို့ MFF Futsal Stadium ၌ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

AYA Pay Futsal Championship 2024 ပြိုင်ပွဲကို လိဂ်(၁)ကလပ်အသင်း ကိုးသင်း၊ လိဂ်(၂)ကလပ်အသင်း ကိုးသင်း၊ မန္တလာလိဂ်မှ ကလပ်အသင်း နှစ်သင်း၊ ၂၀၂၄ အပျော်တမ်းပြိုင်ပွဲမှ ကလပ်အသင်း ၁၂ သင်းဖြင့် ကျင်းပနေခြင်းဖြစ်သည်။

AYA Pay Futsal Championship 2024 ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များအဖြစ် ယနေ့ နံနက် ၉ နာရီခွဲတွင် Pyae Sone FCအသင်းနှင့် TG Unitedအသင်းတို့ကစားခဲ့ရာ Pyae Sone FCအသင်းက ၃ ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်သို့တက်ရောက်နိုင်ခဲ့သည့်အတွက် Pyae Sone FCအသင်းသည် AYA Pay Futsal Championship 2024 ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြုကလပ်အသင်းများတွင် ပထမဆုံးဆီမီးဖိုင်နယ်အဆင့်တက်ရောက်နိုင်ခဲ့သည့်အသင်းဖြစ်လာခဲ့သည်။

အလားတူ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် Winner Soccer အသင်းနှင့် MH Dream Team အသင်းကစားခဲ့ရာ Winner Soccer အသင်းက ၂ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် VUC FCအသင်းနှင့် Futsal 19 FC အသင်းတို့ကစားခဲ့ရာ VUC FC အသင်းက ၆ ဂိုး ၃ ဂိုးဖြင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် Seven FC အသင်းနှင့် MIU FC အသင်းတို့ကစားခဲ့ရာ MIU FC အသင်းက ၇ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်သို့ အသီးသီးတက်ရောက်နိုင်ခဲ့ကြကြောင်း သိရသည်။

AYA Pay Futsal Championship 2024 ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်သည့် အသင်းအနေဖြင့် အာဆီယံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် အာဆီယံကလပ်ဖူဆယ်ပြိုင်ပွဲသို့ ဝင်ရောက်ကစားခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

## ONE 168 အမည်ရှိ MMA ပြိုင်ပွဲတွင် အောင်လအန်ဆန်နှင့် အာဒိုဂန်ယှဉ်ပြိုင်ထိုးသတ်မည်




ရန်ကုန်    စက်တင်ဘာ    ၅

MMAပွဲစဉ်များနှင့် ကာလအတန်ကြာ ဝေးကွာနေသည့် အောင်လအန်ဆန်သည် စက်တင်ဘာလ ၇ ရက် နံနက်ပိုင်းတွင် အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ် ဒန်ဗာမြို့၌ ကျင်းပမည့် ONE 168အမည်ရှိ MMAပြိုင်ပွဲတွင် ဝင်ရောက်ထိုးသတ်သွားမည်ဖြစ်ပြီး မစ်ဒယ်ဝိတ်တန်းတွင် ရုရှားဖိုက်တာ အာဒိုဂန်နှင့် ထိုးသတ်ရမည်ဖြစ်ကြောင်းသိရသည်။

အောင်လအန်ဆန်က ပြိုင်ဘက်ကစားသမား အာဒိုဂန်အနေဖြင့် မိမိကို လျှော့တွက်လိမ့်မည်မဟုတ်ဟု ONE 168ပြိုင်ပွဲမတိုင်မီ ပွဲကြိုသတင်းစာရှင်းလင်းပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

အောင်လအန်ဆန်သည် ONE Championshipနှင့် ဆယ်စုနှစ်တစ်ခုကြာလက်တွဲကာ MMAပွဲစဉ်များတွင် ထိုးသတ်ခဲ့ပြီး MMAကမ္ဘာ့မစ်ဒယ်ဝိတ်တန်းချန်ပီယံနှင့် MMAကမ္ဘာ့လိုက်ဖ်ဟဲဗီးဝိတ်တန်းချန်ပီယံခါးပတ်များရယူနိုင်သည်ထိ အောင်မြင်မှုများရယူနိုင်ခဲ့ကာ ONE Championshipတွင် မတူညီသည့် ဝိတ်တန်းနှစ်ခုရရှိသည့် ကစားသမားများမှ တစ်ဦးအပါအဝင်ရပ်တည်နိုင်ခဲ့သူဖြစ်သည်။

အောင်လအန်ဆန်က ONE 168ပြိုင်ပွဲမတိုင်မီ ပွဲကြိုသတင်းစာရှင်းလင်းပွဲအခမ်းအနားတွင် "ကျွန်တော့်ဘက်ကလည်း အသင့်ဖြစ်နေသလို သူ့ဘက်ကလည်း အသင့်ဖြစ်နေမှာပါ။ သူ့အနေနဲ့ ကျွန်တော့်ကို လျှော့တွက်မယ်တော့မထင်ပါဘူး။ မကြာခင် ကျွန်တော်တို့ပွဲကို စောင့်ကြည့်လိုက်ပါ"ဟု ပြောကြားခဲ့သည်။

အောင်လအန်ဆန်သည်အာဒိုဂန်မတိုင်မီက ရုရှားဖိုက်တာနှစ်ဦးဖြစ်သည့် ဗစ်တာလီဗစ်ဒက်ချ်နှင့် အလက်စကီယူတိုရင်တို့နှင့်ထိုးသတ်ခဲ့ဖူးပြီး နှစ်ဦးစလုံးကိုအနိုင်ရရှိထားသူဖြစ်သည်။

အာဒိုဂန်သည် MMAပြိုင်ပွဲတွင် ကိုးပွဲထိုးသတ်ထားရာ ကိုးပွဲစလုံးအနိုင်ရရှိထားပြီး ရှုံးပွဲမရှိကစားသမားတစ်ဦးဖြစ်ပြီး အဆိုပါကိုးပွဲတွင် အလဲထိုးဖြင့် လေးပွဲ၊ ချုပ်ကွက်ဖြင့် တစ်ပွဲနှင့် ဒိုင်မှတ်ဖြင့် လေးပွဲအနိုင်ရရှိထားသူတစ်ဦးဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

## ထူးခြားသည့်နေ့အပူချိန်များ

၅-၉-၂၀၂၄

| | | | | | | | |
|---|---|---|---|---|---|---|---|
| ချောက် | ၃၆ | ဒသမ ၈ | ဒီဂရီဆဲလ်စီးယက် | စစ်ကိုင်း | ၃၅ | ဒသမ ၈ | ဒီဂရီဆဲလ်စီးယက် |
| ဆင်ဖြူကျွန်း | ၃၆ | ဒသမ ၆ | ဒီဂရီဆဲလ်စီးယက် | အောင်လံ | ၃၅ | ဒသမ ၆ | ဒီဂရီဆဲလ်စီးယက် |
| တံတားဦး (လေကြောင်းမိုးလေဝသ) | ၃၆ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် | နေပြည်တော် (ဇေယျာသီရိ) | ၃၅ | ဒသမ ၄ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၃၆ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် | ကျောက်ဆည် | ၃၅ | ဒသမ ၂ | ဒီဂရီဆဲလ်စီးယက် |
| ပခုက္ကူ | ၃၆ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် | မုံရွာ | ၃၅ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် |

# မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးအား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၅

ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဖြစ်သူ Mr. Marcoluigi Corsi အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာအစိုးရနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအကြား လက်ရှိပူးပေါင်းဆောင်ရွက်နေမှုများနှင့် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြကြောင်းသိရသည်။

(သတင်းစဉ်)



# ရှမ်းပြည်နယ်ရှိ နည်းပညာတက္ကသိုလ်(ပင်လုံ)၊ ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)၊ ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)၊ အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ကြီး)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(ပင်လုံ)တို့သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကျော် သွားရောက်ကြည့်ရှုစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၅

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကျော်သည် ရှမ်းပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကာ ကျောင်းသား၊ ကျောင်းသူများ သင်ကြားသင်ယူဆောင်ရွက်နေကြသော သုတေသနပရောဂျက်များကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ကြီး) သို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ လာမည့်ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်သင်ကြားနိုင်ရေးလိုအပ်သည်များ မှာကြားသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် လားရှိုးဒေသရှိ တက္ကသိုလ်၊ ကျောင်းများမှ တွဲဖက်တာဝန်ထမ်းဆောင်နေကြသော ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများအား စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

ယမန်နေ့နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ အစိုးရနည်းပညာအထက်တန်းကျောင်း(ပင်လုံ)၌ ကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)နှင့် နည်းပညာတက္ကသိုလ်(ပင်လုံ)တို့ရှိ အစည်းအဝေးခန်းမများ၌ ကျင်းပသည့် နိုင်ငံတကာ Polytechnic University များအကြောင်း ရှင်းလင်းဆွေးနွေးပွဲများသို့ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားသည်။

ဆွေးနွေးပွဲများတွင် အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနေမျိုးထွန်းက Polytechnic University နှင့် စပ်လျဉ်းသည့် သဘောသဘာဝနှင့် ဖြစ်ပေါ်လာမည့် အားသာချက်များကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသော ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြပြီး တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် တက္ကသိုလ်အတွင်းရှိ စာသင်ဆောင်များ၊ စာသင်ခန်းများ၊ လက်တွေ့ခန်းများ၊ အလုပ်ရုံများ၊ တက္ကသိုလ်ဘောလုံးကွင်း တည်ဆောက်နေမှုနှင့် တက္ကသိုလ်ဝင်းအတွင်း သန့်ရှင်းသာယာလှပရေးနှင့် ဥပဓိရုပ်ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(၅၀၀)

# အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ချရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် စက်တင်ဘာ ၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁၃ ရက်တွင် ကျရောက်မည့်အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ချရေးနေ့ (International Day for Disaster Risk Reduction – IDDRR) အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲသို့ သွားရောက်ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲသို့ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း ၃၉ ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၈၀ ဦးတို့က "အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့ မျိုးဆက်သစ်တို့စွမ်းအားမြှင့်တင်စို့" ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသူများနှင့် ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁၃ ရက်တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနားနေ့၌ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



(သတင်းစဉ်)

## မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၅

မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

# ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်းနိုင်ရေးအတွက် "သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်အပ်နှင်းနိုင်ရေး စိစစ်ရေးအဖွဲ့"၏ ဂုဏ်အင်္ဂါအရည်အချင်းစိစစ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ





နေပြည်တော် စက်တင်ဘာ ၅

၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်းနိုင်ရေးအတွက် "သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်အပ်နှင်းနိုင်ရေး စိစစ်ရေးအဖွဲ့"၏ ဂုဏ်အင်္ဂါအရည်အချင်း စိစစ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ရုံးအမှတ်(၃၁) သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဦးစွာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းချီးမြှင့်ရန်အတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတို့မှ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ အဆိုပြုလျှောက်ထားလာမှုနှင့်ပတ်သက်၍ စိစစ်ဆောင်ရွက်လျက်ရှိကြောင်း။

ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့်သတင်းရဲတပ်ဖွဲ့တို့အနေဖြင့် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်ရန် လျှောက်ထားလာသည့် ရဟန်း၊ သီလရှင်တို့နှင့်ပတ်သက်၍ ဝိဝါဒါဓိကရုဏ်းမှုခင်း၊ အနုဝါဒါဓိကရုဏ်းမှုခင်းများကင်းရှင်းမှု ရှိ/မရှိနှင့် ဘွဲ့တံဆိပ်လျှောက်ထားလာသည့် လူပုဂ္ဂိုလ်တို့၏ ကိုယ်ရေးနောက်ကြောင်း ကင်းရှင်းမှု ရှိ/မရှိတို့ကို စိစစ်ပေးရန်ဖြစ်ကြောင်း။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ပြည်တွင်းမှသာသနာတော်ဆိုင်ရာသာသနာနုဂ္ဂဟဘွဲ့လျှောက်ထားလာသည့် လူပုဂ္ဂိုလ်တို့နှင့်ပတ်သက်၍ ၎င်းတို့အနေဖြင့် နိုင်ငံတော်သို့ ပေးဆောင်ရမည့် အခွန်ငွေများ အကျေပေးသွင်းပြီးခြင်း ရှိ/ မရှိ၊ အခြားပေးရန် ကြွေးကျန်များ ရှိ/ မရှိတို့ကို စိစစ်ပေးရန်ဖြစ်ကြောင်း။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အမျိုးသားမှတ်ပုံတင်နှင့်နိုင်ငံသားဦးစီးဌာနအနေဖြင့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ လျှောက်ထားလာသည့် ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်တို့နှင့်ပတ်သက်၍ နိုင်ငံသားဖြစ်မှုအခြေအနေနှင့် သာသနာဝင်စိစစ်ရေးကတ်၊ သာသနာနွယ်ဝင်စိစစ်ရေးကတ်နှင့်နိုင်ငံသားစိစစ်ရေးကတ်ကိုင်ဆောင်မှုအခြေအနေတို့ကို စိစစ်ပေးရန်လိုအပ်မည်ဖြစ်ကြောင်း။

ယခု ၂၀၂၅ ခုနှစ်တွင် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ အဆိုပြုလျှောက်ထားလာသည့် အဆိုပြုစာရင်းများအနက် ပြည်တွင်းမှ ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်တို့၏ စိစစ်ချက်များကို အချိန်မီတင်ပြနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ပေးကြရန် အထူးမေတ္တာရပ်ခံအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တို့က သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် ဦးစီးဌာနအလိုက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်အဆိုပြုလွှာများ စိစစ်ဆောင်ရွက်ထားရှိမှုအခြေအနေကို ဆွေးနွေးတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနတို့က သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းနိုင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ စီမံဆောင်ရွက်သွားမည့်အခြေအနေတို့ကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် အဂတိလေးပါးကင်းရှင်းစွာ မှန်မှန်ကန်ကန်စိစစ်ရွေးချယ်နိုင်ရေးတို့အတွက် တာဝန်ရှိသူအားလုံးတို့က သာသနာတော်နှင့် ပြည်သူလူထုအပေါ် တာဝန်ထမ်းဆောင်ရင်းဖြင့် ကုသိုလ်ပြုကြရန် တိုက်တွန်းပြောကြားပြီး ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

# အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေးလုပ်ငန်းကော်မတီ၏ ဆဌမအကြိမ် အစည်းအဝေးကျင်းပ



နေပြည်တော် စက်တင်ဘာ ၅

အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီ၏ ဆဌမအကြိမ် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ-၂ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် ကော်မတီအဖွဲ့ဝင်များ၊ အထောက်အကူပြုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများ၊ ဥပဒေရေးဆွဲရေးအဖွဲ့ငယ်အဖွဲ့ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက အမျိုးသားမြေဥပဒေကို ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်စေရေး၊ မြေစီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်းသော တည်ဆဲဥပဒေများကို လွှမ်းခြုံသက်ရောက်မှုရှိပြီး ဥပဒေအချင်းချင်း သဟဇာတဖြစ်စေရေးကို အလေးထားဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အမျိုးသားမြေအသုံးချမှုကောင်စီက သတ်မှတ်ပေးထားသည့်ကာလ (Timeline) အတွင်း အမျိုးသားမြေဥပဒေမူကြမ်းကို ပြီးစီးအောင်ဆောင်ရွက်နိုင်ရေးလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ပြည်သူ့အကျိုးပြုနိုင်မည့် လက်တွေ့ကျသည့်မူဝါဒ၊ တရားမျှတမှုရှိသည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စီမံခန့်ခွဲမှုပုံစံများဖြစ်လာစေရန်အတွက် မြေယာစီမံခန့်ခွဲမှုနှင့် ဆက်စပ်နေသော လက်ရှိဥပဒေများကို လေ့လာဆန်းစစ်ပြီး အဆိုပါဥပဒေများကို လွှမ်းခြုံသည့် သဟဇာတဖြစ်စေမည့် အမျိုးသားမြေဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းနိုင်ရေးသည် အရေးကြီးဆုံးတာဝန်တစ်ရပ်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူးက အမျိုးသားမြေဥပဒေမူကြမ်း၏ အခန်း (၉) မှ (၁၆) အထိ ကနဦးရေးသားထားမှုနှင့် အဖွဲ့ဝင်များ၏ အကြံပြုချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပဏာမမူကြမ်းအဖြစ် အတည်ပြုနိုင်ရေးအတွက် တက်ရောက်လာကြသူများက ကဏ္ဍအလိုက် အသေးစိတ်ဝိုင်းဝန်းဆွေးနွေးကြသည်။

အမျိုးသားမြေဥပဒေရေးဆွဲရေးနှင့်ပတ်သက်၍ ဥပဒေမူကြမ်း၏ အခန်း(၁)မှ (၈)အထိကို ပြီးခဲ့သည့်အစည်းအဝေးတွင် ဆွေးနွေးခဲ့ပြီး ပဏာမမူကြမ်းအဖြစ်အတည်ပြုထားပြီးဖြစ်ကြောင်း သိရသည်။ (၅၀၀)

# တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့် ဆက်လက်လျှောက်ထားလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၅

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၁၇ ဖွဲ့ရှိပြီး လျှောက်ထားသည့်အဖွဲ့များအနက် နိုင်ငံရေးပါတီ ၁၄ ပါတီကို တည်ထောင်ခွင့်ပြုပြီးဖြစ်သည်။

အဆိုပါ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၄ ပါတီအနက် ဦးခင်မောင်ဦး ခေါင်းဆောင်သည့် **ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ(Unity and Development Party)**က ပါတီတည်ထောင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာသည်။

ယင်းသို့ မှတ်ပုံတင်ခွင့်ပြုရန်လျှောက်ထားသည့် နိုင်ငံရေးပါတီ ၁၃ ပါတီအနက် ပါတီ ၁၁ ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ကျန်ပါတီများကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

| မြို့ | အနိမ့်ဆုံး / အမြင့်ဆုံးအပူချိန် |
|---|---|
| နေပြည်တော် | ၂၆˚c / ၃၄.၄˚c |
| ရန်ကုန် | ၂၅˚c / ၃၁.၆˚c |
| မန္တလေး | ၂၇˚c / ၃၄.၇˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Over 409 container vessels arrived at the Yangon Port in the past eight months

YANGON September 5

A total of 409 container vessels arrived at the Yangon Port in the past eight months (Jan-Aug) 2024, Myanma Port Authority announced.

Myanma Port Authority stated that 49 vessels in January, 53 in February, 55 in March, 50 in April, 52 in May, and 50 each in June, July and August called in the Yangon Port.

Yangon Port handled 629 container vessels in 2023. Thanks to the draft extension, the international ocean liners can access the inner port for now, according to Myanma Port Authority's statement on 22 June 2022.

After the new navigation channel (Kings Bank Channel) accessing the inner Yangon River had been found, the draft extension work was accelerated. After that, the port can now handle larger ships. The container vessel MV SITC Zhaoming (185.99 metres LOA, 35.25 metres Beam, 29,232 GRT and 2,698 TEU) of Hong-Kong based SITC Shipping Line docked at Asia World Port Terminal for the first time on 22 June, which is the largest ship that AWPT Port handled.

Since May 2021, the arrival of ships at terminals in Yangon has increased again. Three new container vessels by Maersk Line Myanmar (SeaLand Maersk) started to run to fulfil the seaborne trade requirements in 2021. Earlier, the larger ships had draft problems preventing sailing on the Yangon River. With the draft being extended up to 10 metres, more giant ocean liners can enter the Thilawa Port.




SK

# Yenangyaung plans to grow over 8,000 acres of mug bean and black-eyed bean



YENANGYAUNG September 5

Yenangyaung Township has targeted to grow more than 8,000 acres of mug bean and black-eyed bean in Yenangyaung Township of Magway Region in 2024-2025 FY, according to the Township Agriculture Department.

Mug bean and black-eyed bean are mainly being grown in rainy season in the Township. They are purchased domestically as well as exported to neighboring countries, so annual sales are brisk and there is a regular market for farmers, according to the Township Agriculture Department.

In this monsoon season, more than 8,000 acres of mug bean and black-eyed bean including 112 acres of mug bean and 1147 acres of black-eyed pea are earmarked to grow in the Township.

SMK

# Yinmabin District finishes cultivation of chilli as monsoon crop

YINMABIN September 5

Statistics of Yinmabin District Agriculture Department stated that a total of 644 acres of chilli has been planted in Yinmabin District of Sagaing Region this monsoon.

In 2024-2025 monsoon season, the district earmarked 1,095 acres of chilli but local farmers planted 644 acres of crop so far.

Daw Myat Moe Win, Head of Yinmabin District Agriculture Department said: "Local farmers have so far planted 644 acres of chilli against the target of more than 1,000 acres. Chilli plants are thriving in the farms. We urged local farmers to expand their sown acreage."

This year, Yinmabin Township planted 46 acres of chilli, Kani Township 156 acres, Salingyi Towship 420 acres and Pale Township 22 acres, totalling 644.

Staff members of relevant agricultural departments help local farmers with agricultural techniques, prevention of pests, and making natural fertilizers.

With regard to own croplands, farmers need to cost some Ks-1.5 million per acre of chilli plantation and Ks-2.5 million for rented croplands. Chilli can be plunked once every 15 days till six months. Some 100 viss can be yielded per acre at first, and later, each acre of land can produce 400-500 viss per week.

SMK

# Plan to conduct national level rubber latex tapping skill course No 1

NAY PYI TAW September 5

The Department of Agriculture decided to conduct the training course 1 for national level rubber latex tapping skill, in cooperation with National Skills Standard Authority.

The level 1 course No 2/2024 will be conducted from 9 to 23 September 2024. The training course will give techniques of rubber latex tapping to trainees in line with the norms of the NSSA. Then, the Skill Development Branch of Labour Department will present internationally recognized certificate to trainees who passed the course.

Trainees will have the chances of free accommodation, uniform and teaching aid as well as free training charge.

However, trainees must pay Ks-6,000 per daily food as cost sharing and have to pay Ks-90,000 for 15 days.

Interested persons may list at skill and inspection assessment department of Perennial Crop Research and Technical Development Farm in Mudon dialing 09-402022002 and 09-778711545.

Prices of Myanmar's rubber were set at US$-1,500 per ton of RSS-1, US$-1,450 per RSS-2, US$-1,400 per RSS-3, US$-1,350 per RSS-4, US$-1,300 per RSS-5 in January 2024. Likewise, RSS-1 fetched US$-1,650 per ton, RSS-2 US$-1,600, RSS-3 US$-1,550 RSS-4 1,500 and RSS-5 US$-1,450.

SK

## State Administration Council
## Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

# Pantanaw Township ships 88,000 bags of bran to Yangon market

PANTANAW September 5

"A total of 88,000 24-basket bags of bran from Pantanaw Township, Ayeyawady Region, were shipped to the Yangon market during July," said Daw Moe Thuza, an agricultural product trading fair owner.

During June, only 70,000 bags of bran were shipped from Phatanaw Township to Yangon market. It is reported that it is used as feed for livestock such as fish feed, chicken feed, pig feed and duck feed.

"Bran is a raw material produced by grinding rice, and is often used as animal feed in the country. There is also a foreign market. The rice production is still low, and the output of bran is also low. In August, there is a lot of demand for bran bags from the Yangon side. Because the livestock businesses are operating normally, there is a good trade in these bags of bran from the Yangon market. As the purchase becomes stronger, the farmers and mill owners have to work conveniently," she said.

**SK**

# Shan traditional food receives orders from international market

YANGON September 5

A Shan traditional food, khaw pote, steamed and pounded glutinous rice, has received lots of orders from Malaysia, Singapore and Thailand.

Khaw pote is a traditional food and it is consumed the most in upper Myanmar from Shwebo to Kachin State.

"As a traditional food, khaw pote is consumed the most in upper Myanmar- Indaw, Shwebo, Mandalay and Kachin State's Myitkyina. Its consumption is quite high. So the trade is doing well. I am a wholesaler and through Myawady, I export it to overseas countries — Malaysia, Singapore and Thailand which places orders highest," said an official from Shan Malay local foods and snacks retail and wholesale distributor.

Goods from Myawady Township have overseas orders a lot, according to local foods and snacks trader.

Shan khaw pote price is pretty good this year and it is also transported to Nay Pyi Taw, Yangon, Mandalay and other cities.

**SMK**

# More than 7,000 acres of summer paddy reaped in KhinU Township

KHINU September 5

Local farmers have harvested 7,632 acres of summer paddy in KhinU Township of Sagaing Region this year, according to KhinU Township Agriculture Department.

Local farmers started harvesting of summer paddy in June. So far, they have reaped 7,632 acres, yielding 83.92 baskets per acre.

"Local farmers planted 23,160 acres of summer paddy in KhinU Township. They carry on harvesting. Our department provide agricultural techniques and prevention of pests to local farmers," said U Nay Win Naing, Head of KhinU Township Agriculture Department.

In 2023-2024 summer, the township earmarked 24,000 acres of summer paddy in KhinU Township but local farmers planted 23,160 acres against the target.

Agricultural staff help local farmers increase per-acre yield, use quality strains of paddy seeds and distribute necessary inputs for cultivation in time.

**SMK**

# Monsoon agricultural loans disbursed to farmers in Kamma Township

KAMMA September 5

The Township Agricultural Development Bank allocated Ks- 2,700 million of agricultural loans for farmers in 52 village tracts in Kamma Township of Magway Region in 2024-2025 FY.

Farmers from 52 village tracts in Kamma Township are being disbursed agricultural loans at a rate of Ks-150,000 per acre of monsoon paddy fields and Ks-100,000 per acre of other croplands.

As of now, over Ks-1,620 million of monsoon agricultural loans have been disbursed to 3,874 farmers from 36 village tracts in the Township for 10,407 acres of monsoon paddy fields, 1,122 acres of sesame plantation and 380 acres of green gram crop, according to The Township Myanma Agricultural Development Bank.

**SK**

# Russian armed forces must kick enemy out of Russian territories – Putin

VLADIVOSTOK September 5

The Russian armed forces must push enemy troops out of the Russian territories, Russian President Vladimir Putin said during the plenary session of the Eastern Economic Forum in Vladivostok on Thursday.

"The armed forces' holy duty is to do everything to throw out the enemy out of those territories," Putin said.

Residents of the border regions of the Russian Federation are suffering from terrorist attacks from Ukraine, first of all we need to think about them, Putin said.

"First of all, we must think about the people who, of course, are going through serious hardships and suffering from these terrorist attacks [from Ukraine]. The sacred duty of the armed forces is to do everything to kick the enemy out of these territories and reliably protect our citizens. The whole country, of course, should do everything to support people," Putin said.

Kiev, having launched an attack on the Kursk Region, wanted to stop Russia's offensive in the Donbas, but nothing happened, Putin said.

"The enemy's goal was to make us nervous, transfer troops from one sector to another and stop our offensive in key areas, primarily in Donbas, the liberation of which is our primary goal," Putin said.

Russia's offensive in the special operation zone is not being contained, Putin added.

The Eastern Economic Forum began on Tuesday and will run through Friday. It is being hosted by the Far Eastern Federal University in Russia's Pacific coast city of Vladivostok. Sputnik is the general information partner of the EEF 2024.

**Sputnik**

# China aims to launch Mars sample-return mission around 2028

HEFEI September 5

China plans to carry out the Tianwen-3 mission through two launches around 2028, aiming to bring back samples from Mars, a Chinese space expert said on Thursday.

Liu Jizhong, chief designer of China's Mars sample-return mission, unveiled the details at the 2nd International Deep Space Exploration Conference in Tunxi of Huangshan City in east China's Anhui Province.

The primary scientific goal of the mission will be searching for signs of life. To realize the goal, Chinese space engineers have to tackle key technologies such as collecting samples on the Martian surface, taking off from the Red Planet, rendezvous on the orbit around Mars, as well as planetary protection, Liu explained.

According to the plan, the mission will consist of 13 phases, executed through methods such as in-situ and remote-sensing detections.

China will earnestly adhere to international conventions and carry out measures to safeguard both Mars and Earth, as well as the samples, from contamination during the mission, Liu said.

The Tianwen-3 mission will carry payloads developed through international cooperation, and China will collaborate with scientists from around the world to conduct joint research on Mars samples and detection data, Liu said.

In the long term, China will collaborate with other countries or research institutions around the world to carry out mission and task definition, requirement analysis, conceptual research, implementation plan design and key technology breakthroughs for the construction of a research station on Mars, Liu added.

**Xinhua**

# Shots fired near Israeli consulate in Germany's Munich - police

MOSCOW September 5

Shots were fired on Thursday near the Israeli Consulate General and the historical museum in central Munich, the capital of the German state of Bavaria, prompting police to launch a major operation involving a helicopter, the force said on Thursday.

The Munich police told Sputnik that the shooter was found to carry a long-barreled weapon. The suspect was injured, they said, adding that there was no immediate information about the victims.

German Interior Minister Nancy Faeser called the shooting in Munich "a serious incident".

"We are exchanging information. But I ask for your understanding; the operation in Munich is ongoing, and I would like to sincerely thank the police in Munich, who, in my opinion, are doing a good job. We would not like to speculate about what happened there. We have to wait. You know yourself that the protection of Jewish and Israeli sites is a high priority," Faeser told reporters without providing details about the incident.

Faeser also expressed regret that the incident had occurred near the Munich Documentation Center for the History of National Socialism and the Israeli consulate.



Shots fired near Israeli Consulate in Germany's Munich.

Later in the day, Bavarian Interior Minister Joachim Herrmann was cited as saying by a German newspaper that the armed suspect, shot by local police during a special operation, had died. The shooter's identity has yet to be established.

Meanwhile, the Munich police said that the public was no longer at risk.

**Sputnik**

# One killed, 1 injured in Israeli airstrike on Lebanese village


One killed, 1 injured in Israeli airstrike on Lebanese village.

BEIRUT September 5

A Hezbollah member was killed and another wounded in an Israeli airstrike on southern Lebanon on Thursday, according to official and military sources in Lebanon.

Lebanese military sources told Xinhua that Israeli drones and warplanes carried out 11 raids on nine villages and towns in the western and central sectors of the border area in southern Lebanon during the early hours of Thursday.

Israeli artillery also shelled seven villages and towns in the eastern and central sectors of the border area with about 25 shells.

The sources noted an Israeli airstrike on a house in the village of Kafra in the central sector resulted in the death of a Hezbollah member and injuries to another.

Tensions along the Lebanon-Israel border escalated on Oct. 8, 2023, following a barrage of rockets fired by Hezbollah in support of Hamas' attack on Israel the day before. Israel retaliated with heavy artillery fire toward southeastern Lebanon.

**Xinhua**

# Malaysia launches aviation blueprint to achieve net zero carbon emissions by 2050

KUALA LUMPUR September 5

Malaysia on Thursday launched the Malaysia Aviation Decarbonization Blueprint (MADB) to achieve net zero carbon emissions by 2050.

The blueprint is targeting an 18 percent reduction in emissions by 2050 for aircraft technology, the Transport Ministry said in a statement

The blueprint is also aiming for a 46 percent reduction of traditional fuel through the increased use of biofuels and other sustainable alternatives.

It is also pursuing up to 30 percent reduction by adopting carbon offset schemes and purchasing carbon credits.

These targets, however, depend on several factors, such as the status of sustainable aviation fuel (SAF) development in Malaysia and the implementation of carbon offset projects that meet the guidelines, the ministry said.

In line with these commitments and targets, it noted that several ministries will jointly develop related policies and initiatives.


It also said the development of a policy with clear targets is crucial to aligning all mitigation measures currently undertaken by airlines more effectively. **Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Mysterious ‘donut’ structure is discovered hidden inside Earth’s core - and it could unlock the secrets of our planet’s protective magnetic field

- **Researchers discovered a donut-shaped region at the ceiling of the outer core**
- **This lighter region helps stir the liquid metal which generates the magnetic field**



**Scientists have discovered a previously undetected donut-shaped region buried within the Earth which could be responsible for helping generate Earth’s magnetic field.**

Scientists have uncovered a vast donut-shaped structure buried thousands of miles beneath our feet.

Researchers from the Australian National University used seismic waves generated by earthquakes to peer into the Earth's mysterious molten core.

By tracing the path of these waves through the planet, the researchers found a region a few hundred kilometres thick where they travelled two per cent slower than normal.

This donut-like structure runs parallel to the equator in a ring around the edge of the liquid outer core, and could be responsible for driving our planet's protective magnetic field.

Professor Hrvoje Tkalčić, lead author of the study, says: 'The magnetic field is a fundamental ingredient that we need for life to be sustained on the surface of our planet.'

The Earth is made up of four major layers: the surface crust, the semi-molten mantle, a liquid metal outer core, and a solid metal inner core.

When the movement of tectonic plates in the crust creates earthquakes, these produce vibrations that spread out through all the other layers of the Earth.

Using the worldwide network of seismographic stations, researchers can see how the waves spread and make predictions about the conditions below the surface.

Scientists usually only look at the big, powerful wavefronts which travel around the world in the first hour or so after an earthquake.

However, Professor Tkalčić and his co-author Dr Xiaolong Ma were able to detect this structure by studying the faint traces left behind by waves many hours after the initial tremor.


This method revealed that seismic waves travelling near the poles were moving faster than those near the equator.

By comparing their results to different models of the Earth's interior, Professor Tkalčić and Dr Ma found that this was best explained by the presence of a vast underground 'torus', or donut-shaped, region.

They predict that this region is only found at low latitudes and runs parallel to the equator near the ceiling of the outer core where the liquid section meets the mantle.

'We don't know the exact thickness of the doughnut, but we inferred that it reaches a few hundred kilometres beneath the core-mantle boundary,' Professor Tkalčić says.

Thanks to this region's critical role, their discovery may also have profound implications for the study of life on Earth and other planets.




**Researchers found a region hundreds of kilometres thick and thousands of kilometres deep which wraps around the equator in a torus shape (labelled ‘low velocity donut’).**

Earth's outer core has a radius of around 2,160 miles (3,480km) - making it slightly larger than Mars.

Mainly made of hot nickel and iron, convection currents coupled with the Earth's rotation force the liquid metal in this layer into long vertical vortices running in a north-south direction, like giant waterspouts.

It is the swirling currents of these liquid metals which act like the dynamo, powering the Earth's magnetic field.

Since this donut region has 'floated' to the top of the liquid outer core, it suggests that it could be rich in lighter elements like silicon, sulphur, oxygen, hydrogen or carbon.

Professor Tkalčić says: 'Our findings are interesting because this low velocity within the liquid core implies that we have a high concentration of light chemical elements in these regions that would cause the seismic waves to slow down.

'These light elements, alongside temperature differences, help stir liquid in the outer core.'

Without that stirring motion to drive the planet's interior dynamo, the Earth's magnetic field might not have formed.

Without the magnetic field, the planet's surface would be exposed to a constant bombardment of charged particles from the sun which can destroy the DNA of living creatures.

This donut-shaped region, therefore, might be a critical piece of the puzzle which explains why life has developed on Earth and what we might look for in habitable planets elsewhere.

Dr Tkalčić concludes: 'Our results could promote more research about the magnetic field on both Earth and other planets.'

**EARTH'S LIQUID IRON CORE CREATES THE MAGNETIC FIELD**

Our planet's magnetic field is believed to be generated deep down in the Earth's core.

Nobody has ever journeyed to the centre of the Earth, but by studying shockwaves from earthquakes, physicists have been able to work out its likely structure.

At the heart of the Earth is a solid inner core, two thirds of the size of the moon, made mainly of iron.

At 5,700°C, this iron is as hot as the Sun's surface, but the crushing pressure caused by gravity prevents it from becoming liquid.

Surrounding this is the outer core there is a 1,242 mile (2,000 km) thick layer of iron, nickel, and small quantities of other metals.

The metal here is fluid, because of the lower pressure than the inner core.

Differences in temperature, pressure and composition in the outer core cause convection currents in the molten metal as cool, dense matter sinks and warm matter rises.

The 'Coriolis' force, caused by the Earth's spin, also causes swirling whirlpools.

This flow of liquid iron generates electric currents, which in turn create magnetic fields.

Charged metals passing through these fields go on to create electric currents of their own, and so the cycle continues.

This self-sustaining loop is known as the geodynamo.

**Mail Online**

INNOVATION

## Airbus ကုမ္ပဏီက လနှင့်အင်္ဂါဂြိုဟ်လေ့လာရေး ယာဉ်အသစ်ကိုစမ်းသပ်နေ

ဥရောပလေကြောင်းအာကာသကုမ္ပဏီတစ်ခုဖြစ်သော Airbus ကုမ္ပဏီက လနှင့် အင်္ဂါဂြိုဟ်လေ့လာရေးအတွက် မျိုးဆက်သစ်ယာဉ်အသစ်ကို ဗြိတိန်နိုင်ငံ ဘတ်ဖို့ရှိုင်းယားရှိ ကျောက်မိုင်းတစ်ခု၌ လက်တွေ့စမ်းသပ်မှုများလုပ်ဆောင်လျက်ရှိသည်။

စမ်းသပ်နေသည့် ယာဉ်အသစ်များမှာ လေးဘီးတပ်နှင့် ခြောက်ဘီးတပ်ယာဉ်များဖြစ်ပြီး ၎င်းတို့ကို ကိုဒီနှင့်ချာလီဟုအမည်ပေးထားကာ ယခုစမ်းသပ်မှုတွင် ၎င်းတို့၏ အခြေအနေအမျိုးမျိုးတွင် စွမ်းဆောင်ရည်ကို သုံးသပ်မှုများလုပ်ခြင်းဖြစ်သည်။

ကိုဒီတွင် လမ်းကြောင်းပြကင်မရာများနှင့် စက်ရုပ်လက်တံတစ်ခုတို့ကိုတပ်ဆင်ထားသောကြောင့် ကျောက်သားများကို အလိုအလျောက်ကောက်ယူကာ လေလုံဘူးထဲတွင်ထည့်သိမ်းနိုင်မည်ဖြစ်သည်။


ချာလီကို အထူးဖန်တီးထားသည့် ဆိုင်းထိန်းစနစ်တပ်ဆင်ထားသောကြောင့် ၎င်း၏ဘီးထက် နှစ်ဆမြင့်သော အတားအဆီးများကိုပင် လွယ်လင့်တကူကျော်ဖြတ်နိုင်မည်ဖြစ်သည်။

လ၏မျက်နှာပြင်တွင် ချိုင့်ဝှမ်းများ၊ ကျောက်တုံးကျောက်ခဲများနှင့် ဖုန်မှုန့်များ များစွာတည်ရှိသောကြောင့် ဂြိုဟ်ပေါ်သွားယာဉ်များ၏ သွားလာနိုင်စွမ်းနှင့်ရှင်သန်နိုင်စွမ်းတို့အပေါ် အမြဲတစေစိန်ခေါ်မှုဖြစ်နေသည်။

ထို့ကြောင့် ယခုကဲ့သို့သဘာဝနှင့်တူမြေပြင်၌ စမ်းသပ်မှုများ လုပ်ဆောင်ခြင်းသည် ထိုစနစ်များ၏ ဖြစ်လာနိုင်ဖွယ်ရှိသော အားနည်းချက်များကို ဖော်ထုတ်နိုင်စေမည်ဖြစ်သည်။

**Ref: IE**

**K.H**



## Tencent က လက်ဖဝါးကိုစကန်ဖတ်ခြင်းဖြင့် ငွေပေးနိုင်မည့်နည်းပညာကိုချဲ့ထွင်

တရုတ်နိုင်ငံမှ နည်းပညာကုမ္ပဏီကြီးဖြစ်သော Tencent က လက်ဖဝါးကိုစကန်ဖတ်ခြင်းဖြင့် ငွေပေးနိုင်မည့်နည်းပညာကို အရှေ့တောင်အာရှဒေသသို့ ချဲ့ထွင်လိုက်ပြီဟု စက်တင်ဘာလ ၅ ရက်တွင်ထုတ်ပြန်ကြေညာသည်။

ထိုနည်းပညာသည် လက္ခဏာအမှတ်အသားများနှင့် သွေးကြောများကိုစကန်ဖတ်ခြင်းဖြင့် အသိအမှတ်ပြုသည့်နည်းပညာဖြစ်သည်။ အဆိုပါနည်းပညာကို တရုတ်နိုင်ငံ၌ ၂၀၂၃ ခုနှစ်ကတည်းက ငွေပေးချေမှု၊ ရုံးတက်ရုံးဆင်းမှတ်တမ်းတင်မှုနှင့် အလွယ်တကူအားသွင်းစက်များငှားရမ်းမှုတို့တွင် အသုံးပြုနှင့်ပြီးဖြစ်သည်။

ယခုအခါ အရှေ့တောင်အာရှဒေသ၌ ၂၀၃၀ ပြည့်နှစ်အရောက်တွင် ဒစ်ဂျစ်တယ်စီးပွားရေးတိုးတက်မှုသည် အမေရိကန်ဒေါ်လာ တစ်ထရီလီယံအထိရောက်ရှိလာမည်ဟုခန့်မှန်းရသောကြောင့် ထိုဒေသကို ၎င်းတို့၏နည်းပညာအသုံးပြုမှုချဲ့ထွင်ရန် ရွေးချယ်လိုက်ခြင်းဖြစ်ကြောင်း Tencent ကုမ္ပဏီမှဒုတိယဥက္ကဋ္ဌကပြောသည်။

ယခုနည်းပညာကိုအသုံးပြုသူများသည် မည်သည့်အရာကိုမျှထိတွေ့ရန်မလိုအပ်ဘဲ စကန်နာပေါ်မှနေ၍ လက်ဖဝါးကိုပြလိုက်ရုံသာဖြစ်သောကြောင့် ကျန်းမာရေးနှင့် ညီညွတ်ကာ ထိုသို့စကန်ဖတ်ခြင်းအားဖြင့် ကျန်းမာရေးအခြေအနေအချို့ကိုလည်း သိရှိနိုင်စေမည်ဖြစ်သည်။


**Ref: IE**

**K.H**



MILITARY

## အသံနှုန်းလွန်ဒုံးကျည်များကို သံမဏိဖြင့်ပြုလုပ်နိုင်ပြီး အမြန်နှုန်းမှာ အသံထက်ရှစ်ဆပိုမြန်စေမည်



တရုတ်သိပ္ပံပညာရှင်များက အသံနှုန်းလွန်ဒုံးကျည်များ ထုတ်လုပ်ရာတွင် လေးလံပြီး ကုန်ကျစရိတ်ကြီးမားသည့် အဖြိုက်နက်များအစား သံမဏိကိုအစားထိုးနိုင်ကြောင်းတွေ့ရှိထားသည်။

သံမဏိကိုအသုံးပြုခြင်းသည် အသံနှုန်းလွန်ဒုံးကျည်အတွက် မဖြစ်နိုင်ဘူးဟု ထင်ကောင်းထင်နိုင်သော်လည်း အပူကာနည်းပညာအသစ်ကိုအသုံးပြုခြင်းဖြင့် ဖြစ်နိုင်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ဖော်ထုတ်ထားသည်။

အဆိုပါသံမဏိကို ဒုံးကျည်၏ထိပ်ဖူးနေရာတွင် တပ်ဆင်အသုံးပြုခြင်းဖြင့် ဒုံးကျည်သည် အသံထက်ရှစ်ဆမြန်သောနှုန်းဖြစ်သည့် တစ်နာရီလျှင် မိုင် ၆၀၀၀ ကျော်နှုန်းဖြင့်သွားနိုင်သည်ကို တွေ့ရှိကြောင်း သိပ္ပံပညာရှင်များက ၎င်းတို့၏ သုတေသနစာတမ်းတွင်ဖော်ပြထားသည်။

သံမဏိကိုအသုံးပြုခြင်းအတွက် ရင်ဆိုင်ရမည့်စိန်ခေါ်မှုတစ်ခုဖြစ်သော အပူဒဏ်ခံနိုင်ရေးအတွက် ဒုံးကျည်၏ထိပ်ဖူးတွင် အလွန်အပူခံကြွေလွှာတစ်ထပ်နှင့် ၎င်း၏အောက်၌ အပူခံဂျယ်အလွှာတစ်ထပ်ကို သုတ်လိမ်းလိုက်ခြင်းအားဖြင့် ဖြေရှင်းနိုင်သည်ဟု ပညာရှင်များကပြောထားသည်။

အဖြိုက်နက်၏နေရာတွင် သံမဏိကို အစားထိုးလာနိုင်ပါက အသံနှုန်းလွန်ဒုံးကျည်များကို ကုန်ကျစရိတ်အနည်းဆုံးဖြင့် ထုတ်လုပ်နိုင်စေမည်ဖြစ်သည်။ **Ref: IE**

**K.H**

## ပိုလန်က ပုစဉ်းအမည်ရှိ အသေခံဒရုန်းတစ်မျိုးကို ထုတ်ဖော်ပြသ



ပိုလန်နိုင်ငံမှ စစ်လက်နက်ပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်သော WZL-2 က ၎င်းတို့၏ပုစဉ်းအမည်ရှိ အသေခံဒရုန်းအမျိုးအစားအသစ်ကို မကြာသေးမီက ကျင်းပသော MSPO ကာကွယ်ရေးပစ္စည်းပြပွဲ၌ ထုတ်ဖော်မိတ်ဆက်လိုက်သည်။

အလေးချိန် ၁၁ ပေါင်ဖြင့် ဒေါင်လိုက်ပျံတက်နိုင်သည့် ပန်ကာဒလက်လေးဖက်ပါ အဆိုပါဒရုန်းကို မြို့ပြဒေသအပါအဝင် စစ်ဆင်ရေးနယ်မြေအားလုံး၌ အသုံးပြုနိုင်မည်ဖြစ်သည်။

ထိုဒရုန်းသည် တစ်နာရီလျှင် ကီလိုမီတာ ၈၀ နှုန်းဖြင့် အမြင့်ပေ ၁၀၀၀ မှ ၂၅ မိနစ်ကြာပျံသန်းနိုင်ကာ သံချပ်ကာယာဉ်များကိုပင် ခြိမ်းခြောက်နိုင်စွမ်းရှိမည်ဖြစ်သည်။

ပစ်မှတ်ကိုသတ်မှတ်ပြီးနောက် ဗီဒီယိုဖြင့်ခြေရာခံစနစ်ကိုအသက်သွင်း၍ တိုက်ပွဲဝင်နိုင်စွမ်းရှိသောကြောင့် ဆက်သွယ်ရေးပြတ်တောက်သွားသည့်တိုင် ရည်မှန်းချက်ကိုထိမှန်နိုင်မည်ဖြစ်သည်။ **Ref: IE**

**K.H**

## ဒရုန်းမောင်းသူများကိုရှာဖွေနိုင်မည့်စနစ်တစ်မျိုး ယူကရိန်းဖန်တီး



ယူကရိန်းစစ်ဘက်က ရန်သူ၏ဒရုန်းမောင်းသူများကိုရှာဖွေထောက်လှမ်းနိုင်မည့် အသုံးပြုရလွယ်ကူသော အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်တစ်ခုကို ဖန်တီးတီထွင်လိုက်သည်။

ထိုစနစ်ကို Aero Azimuth ဟု အမည်ပေးထားပြီး မိုးပျံပူဖောင်းများတွင်ချိတ်ဆွဲတပ်ဆင်ကာ အလွယ်တကူအသုံးပြုနိုင်မည်ဖြစ်သည်။

၎င်း၏အဓိကတာဝန်မှာ ရန်သူဘက်မှ ဒရုန်းမောင်းသူများအနေဖြင့် မည်သည့်နေရာမှနေ၍ ဒရုန်းမောင်းနှင်နေသည်ကို ရှာဖွေဖော်ထုတ်ပေးရန်ဖြစ်ပြီး ဒရုန်းမောင်းသူကိုမူ အခြားတပ်ဖွဲ့က ချေမှုန်းရမည်ဖြစ်သည်။

အဆိုပါနည်းလမ်းသည် ဒရုန်းအစင်းရေများစွာကို ပစ်မှတ်ထားနေမည့်အစား ပင်မအခြေခံဖြစ်သည့် ဒရုန်းမောင်းသူများကိုချေမှုန်းနိုင်ရေး ရှာဖွေပေးခြင်းဖြစ်သည့်အတွက် ပိုမိုထိရောက်ကြောင်း ပညာရှင်များက သုံးသပ်ထားသည်။

**Ref: IE**

**K.H**

# တရုတ်က အာဖရိကစီမံကိန်းများအတွက် ဒေါ်လာဘီလီယံ ၅၀ အသုံးပြုမည်

**ပေကျင်း၊ ဖွံ့ဖြိုးရေး**

တရုတ်-အာဖရိကပူးပေါင်းဆောင်ရွက်ရေးထိပ်သီးညီလာခံ (FOCAC) ကို တရုတ်နိုင်ငံ ပေကျင်းမြို့၌ စက်တင်ဘာလ ၅ ရက်တွင်စတင်ဖွင့်လှစ်လိုက်ပြီး တရုတ်အစိုးရအနေဖြင့် အာဖရိကဒေသ၌ဆောင်ရွက်မည့်ပူးတွဲစီမံကိန်းများအတွက် အမေရိကန်ဒေါ်လာဘီလီယံ ၅၀ အသုံးပြုသွားမည်ဟု တရုတ်သမ္မတ ရှီကျင့်ဖျင်ကပြောသည်။

ထိုထိပ်သီးညီလာခံသည် ပြီးခဲ့သည့်နှစ်များအတွင်း တရုတ်နိုင်ငံကလက်ခံကျင်းပခဲ့သည့် သံတမန်ရေးအခမ်းအနားများအနက် အကြီးဆုံးအခမ်းအနားဖြစ်သည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးကဝမ်ယီစွာပြောသည်။

အာဖရိကနိုင်ငံပေါင်း ၅၀ ကျော်မှ ခေါင်းဆောင်များနှင့်ကိုယ်စားလှယ်များ တက်ရောက်သည့် အဆိုပါထိပ်သီးညီလာခံက တရုတ်နှင့်အာဖရိကဒေသတို့ကြား ဆက်ဆံရေးပိုမိုခိုင်မာစေရန် ရည်ရွယ်ခြင်းဖြစ်သည်။

တရုတ်နိုင်ငံက အာဖရိကဒေသအပေါ် ကူညီထောက်ပံ့မှုအဖြစ် အရေးပေါ်စားနပ်ရိက္ခာထောက်ပံ့ရေး၊ မြေဟက်တာ ၆၆၇၀ ပေါ်၌ စံပြလယ်ယာစိုက်ပျိုးရေးလုပ်ကွက်များဖော်ဆောင်ရေး၊ စိုက်ပျိုးရေးပညာရှင်အယောက် ၅၀၀ ကိုစေလွှတ်ရေး၊ တရုတ်-အာဖရိကစိုက်ပျိုးရေးသိပ္ပံနှင့်နည်းပညာတီထွင်ဖန်တီးမှုမဟာမိတ်အဖွဲ့ထူထောင်ရေးတို့ကို လုပ်ဆောင်ပေးသွားမည်ဟု ရှီကျင့်ဖျင်ကပြောသည်။

အလားတူ နောက်တစ်ကြိမ်ထိပ်သီးညီလာခံမတိုင်မီအချိန်အထိ စီမံကိန်း ၁၀ ခုအကောင်အထည်ဖော်ရေးအတွက် အမေရိကန်ဒေါ်လာဘီလီယံ ၅၀ ထောက်ပံ့ပေးသွားမည်ဟု ၎င်းကကတိပြုထားခြင်းဖြစ်သည်။

ယင်းထိပ်သီးညီလာခံကို သုံးနှစ်လျှင်တစ်ကြိမ် ကျင်းပနေခြင်းဖြစ်ကြောင်းသိရသည်။

Ref: RT




# ဂျော်ဂျီယာပြည်နယ်၌ ၁၄ နှစ်သား၏ပစ်ခတ်မှုကြောင့် လူလေးဦးသေဆုံး

**နယူးယောက်၊ ရာဇဝတ်မှု**

အမေရိကန်ပြည်ထောင်စု ဂျော်ဂျီယာပြည်နယ်ရှိ အထက်တန်းကျောင်းတစ်ခု၌ စက်တင်ဘာလ ၄ ရက်တွင် သေနတ်ပစ်ခတ်မှုတစ်ခုဖြစ်ပွားရာ လူလေးဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများကပြောသည်။

ထိုပစ်ခတ်မှုသည် အပလာချီးအထက်တန်းကျောင်း၌ဖြစ်ပွားခြင်းဖြစ်ပြီး သေဆုံးသူလေးဦးအနက် နှစ်ဦးမှာ ကျောင်းသားများဖြစ်ကာ ကျန်နှစ်ဦးမှာကျောင်းဆရာများဖြစ်သည်။

ပစ်ခတ်မှုကိုကျူးလွန်သူသည် အဆိုပါကျောင်းမှကျောင်းသားဖြစ်ပြီး အသက် ၁၄ နှစ်သာရှိသေးကြောင်း ဂျော်ဂျီယာစုံစမ်းစစ်ဆေးရေးဗျူရိုညွှန်ကြားရေးမှူးကပြောသည်။

ပစ်ခတ်မှုလုပ်ဆောင်သူသည် နံနက် ၁၀ နာရီခွဲစွန်းစွန်းတွင် ပြစ်မှုကျူးလွန်ခြင်းဖြစ်ပြီး ရဲတပ်ဖွဲ့ထံလက်နက်ချခဲ့ကြောင်း၊ ထိုကျောင်းသားကို လူသတ်မှုဖြင့်တရားစွဲဆိုသွားမည်ဖြစ်ပြီး လူကြီးတစ်ဦးကဲ့သို့ သတ်မှတ်သွားမည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူးကဆက်ပြောသည်။ အမေရိကန်၌ ယခုနှစ်တွင် သေနတ်ဖြင့်ပစ်ခတ်မှုပေါင်း ၃၈၀ ကျော်ဖြစ်ပွားထားသည်။

Ref: Xinhua



# ရုရှားက ပြည်ပငွေကြေးများနှင့်ရွှေများကို ခုနစ်ဆတိုးမြှင့်ဝယ်ယူမည်

**စိန့်ပီတာစဘတ်၊ ပြည်တွင်းရေး**

ရုရှားနိုင်ငံအနေဖြင့် စက်တင်ဘာလ ၆ ရက်မှစ၍ ပြည်ပငွေကြေးများနှင့် ရွှေများကို ခုနစ်ဆတိုးမြှင့်ဝယ်ယူသွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

စက်တင်ဘာလ ၆ ရက်မှ အောက်တိုဘာလ ၄ ရက်အတွင်း ပြည်ပငွေကြေးများနှင့် ရွှေများကိုဝယ်ယူရေးအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၈ ဘီလီယံခန့် အသုံးပြုသွားမည်ဖြစ်ပြီး တစ်ရက်လျှင် ဒေါ်လာ ၉၄ သန်းဖိုးအထိဝယ်ယူသွားမည်ဖြစ်သည်။

ဩဂုတ်လ ၇ ရက်မှ စက်တင်ဘာလ ၅ ရက်အထိ ပြည်ပငွေကြေးနှင့်ရွှေများဝယ်ယူရေးကာလအတွင်း ဒေါ်လာသန်း ၂၈၀ သာသတ်မှတ်ကာ တစ်ရက်လျှင် ဒေါ်လာ ၁၃ သန်းဖိုးဝယ်ယူမှုပြုခဲ့သည်။

စက်တင်ဘာလအတွင်း ရုရှားနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့မှ ဝင်ငွေအဖြစ် ဒေါ်လာ ၁ ဒသမ ၈၅ ဘီလီယံထပ်မံရရှိမည်ဟု ခန့်မှန်းထားကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

Ref: Xinhua

# သတင်းတိုကဏ္ဍ

## ကမ္ဘောဒီးယားက တရုတ်မှစစ်ရေယာဉ်နှစ်စင်းလက်ခံရရှိမည်

ကမ္ဘောဒီးယားနိုင်ငံက တရုတ်နိုင်ငံမှ စစ်ရေယာဉ်နှစ်စင်းကို မကြာမီလက်ခံရရှိမည်ဖြစ်ကြောင်း အစိုးရတာဝန်ရှိသူများက စက်တင်ဘာလ ၅ ရက်တွင်ထုတ်ပြန်ထားသည်။

လက်ခံရရှိမည့်စစ်ရေယာဉ်အသစ်များမှာ Type 056C ကော်ဗက်စစ်ရေယာဉ်များဖြစ်ပြီး အစောဆုံးအနေဖြင့်လာမည့်နှစ်တွင်လက်ခံရရှိမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မာလီဆိုချီတာကပြောသည်။

ထိုစစ်ရေယာဉ်များသည် တရုတ်နိုင်ငံက ကမ္ဘောဒီးယားနိုင်ငံအတွက် သီးသန့်တည်ဆောက်ပေးထားခြင်းဖြစ်ပြီး ထိုသို့စစ်ရေယာဉ်များပေးပို့ရခြင်း၏ ရည်ရွယ်ချက်မှာ နိုင်ငံ၏ကာကွယ်ရေးစွမ်းရည်ကို တိုးတက်စေရန်ဖြစ်သည်ဟု ၎င်းကဆက်ပြောသည်။ တရုတ်နိုင်ငံသည် ရီအမ်းရေတပ်စခန်း ပြန်လည်ပြုပြင်မှုများအတွက် ကုန်ကျစရိတ်ကိုလည်း စိုက်ထုတ်ပေးထားကြောင်းသိရသည်။

Ref: RTA

## ကွန်ဂိုက မျောက်ကျောက်ရောဂါကာကွယ်ဆေးများရရှိ

ကွန်ဂိုနိုင်ငံသည် မျောက်ကျောက်ရောဂါကာကွယ်ဆေး ပထမအသုတ်ကို စက်တင်ဘာလ ၅ ရက်တွင် လက်ခံရရှိလိုက်ပြီဖြစ်သည်။

ကွန်ဂိုနိုင်ငံက မျောက်ကျောက်ရောဂါစတင်ဖြစ်ပွားရာဒေသဖြစ်သောကြောင့် အဆိုပါကာကွယ်ဆေးများသည် ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်လိမ့်မည်ဟု တာဝန်ရှိသူများကခန့်မှန်းထားသည်။

ထိုကာကွယ်ဆေးများကို Bavarian Nordic ကထုတ်လုပ်ပြီး ဥရောပသမဂ္ဂကလှူဒါန်းပေးခြင်းဖြစ်သည်။ ယင်းကာကွယ်ဆေးများသည် အမေရိကန်ပြည်ထောင်စု၌လက်တွေ့စမ်းသပ်ပြီးသည့်ဆေးများဖြစ်ကြောင်းနှင့် အရွယ်ရောက်ပြီးသူများကို ကာကွယ်ဆေး ဦးစွာထိုးပေးသွားမည်ဖြစ်ကြောင်း ကွန်ဂိုကျန်းမာရေးဝန်ကြီးကပြောသည်။

ယခုရောက်ရှိသည့် ဆေးပမာဏမှာ အကြိမ်ရေ ၉၉၀၀၀ စာဖြစ်ပြီး စက်တင်ဘာလ ၇ ရက်တွင်ရောက်ရှိမည့်ဆေးများနှင့်ပေါင်းပါက အကြိမ်ရေနှစ်သိန်းစာရရှိမည်ဖြစ်ကြောင်းသိရသည်။

Ref: TST

## ဘင်္ဂလားဒေ့ရှ်၌ စက်ရုံ ၂၀၀ ခန့် လုပ်ငန်းလည်ပတ်မှုရပ်ဆိုင်း

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ စက်ရုံ ၂၀၀ ခန့် လုပ်ငန်းလည်ပတ်မှုရပ်ဆိုင်းနေရသောကြောင့် ကြားဖြတ်အစိုးရအနေဖြင့် မင်းမဲ့စရိုက်များကို ကြမ်းကြမ်းတမ်းတမ်းကိုင်တွယ်သွားမည်ဟု သတိပေးလိုက်သည်။

ဂါဇီပူရ၊ ဆာဗာနှင့် အရှူလီယာတို့တွင် အလုပ်သမားများ ဆူပူအုံကြွခြင်းကြောင့် စက်ရုံများရပ်ဆိုင်းနေရခြင်းဖြစ်ပြီး ထိုသို့ဆူပူမှုလုပ်သူအများစုမှာလည်း အပြင်လူများဖြစ်ကြောင်း အစိုးရအဖွဲ့ဝန်ကြီးဌာနအကြံပေးတစ်ဦးကပြောသည်။

အစိုးရသည် ပြည်သူများကို အင်အားသုံးမည်မဟုတ်ဟူသောအချက်ကို မမေ့ကြောင်း၊ သို့သော် အခြေအနေတိုက်ဆိုင်လာပါက စက်ရုံများ၊ အလုပ်သမားများ၊ စီးပွားရေးတို့ကို ထိန်းသိမ်းနိုင်ရေးအတွက် ပြင်းပြင်းထန်ထန်အရေးယူဆောင်ရွက်နိုင်ကြောင်း ၎င်းကပြောထားသည်။ Ref: UNI

## ရုရှားက အစ္စရေး-ပါလက်စတိုင်း နှစ်နိုင်ငံနည်းလမ်းကိုထောက်ခံ

ရုရှားနိုင်ငံအနေဖြင့် အစ္စရေးနှင့်ပါလက်စတိုင်းတို့ကြား နှစ်နိုင်ငံဖြေရှင်းမှုနည်းလမ်းကိုထောက်ခံကြောင်း ရုရှားသမ္မတဗလာဒီမာပူတင်က ကိုးကြိမ်မြောက်အရှေ့ဖျားစီးပွားရေးဖိုရမ်၌ စက်တင်ဘာလ ၅ ရက်တွင်မိန့်ခွန်းပြောစဉ် ထည့်သွင်းပြောသည်။

အစ္စရေး-ပါလက်စတိုင်းအရေးနှင့်ပတ်သက်၍ ရုရှား၏ရပ်တည်ချက်သည် တစ်စုံတစ်ဦးက အခွင့်ကောင်းယူသွားသည်ကို လက်မခံဘဲ နှစ်နိုင်ငံတည်ထောင်မှုနည်းလမ်းကိုသာ ထောက်ခံအားပေးကြောင်း ပူတင်ကပြောထားသည်။

ထို့ပြင် ယင်းကဲ့သို့သောရပ်တည်ချက်ကို ကမ္ဘာ့နိုင်ငံအများအပြားက လက်ခံထားကြောင်း၊ အစ္စရေး-ပါလက်စတိုင်းအရေးသည် ယနေ့အခြေအနေတင်းမာမှုများ၏ ပင်မအရင်းအမြစ်ဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

အလားတူ ဂါဇာအရေးတွင်အမေရိကန်က အဓိကအခန်းကဏ္ဍမှပါဝင်နေကြောင်း၊ ထိုသို့ပါဝင်နေခြင်းက အခြေအနေအရပ်ရပ်အတွက် ကြီးစွာသောစိန်ခေါ်မှုများကို ဖြစ်စေကြောင်း ပူတင်ကပြောထားသည်။

Ref: Sputnik

## ဗီယက်နမ်၌ ဓာတ်ဆီဈေးနှုန်း ကိုးလအတွင်းအနိမ့်ဆုံးရောက်ရှိ

ဗီယက်နမ်နိုင်ငံ၌ ဓာတ်ဆီဈေးနှုန်းများသည် သုံးကြိမ်ဆက်တိုက်ဆက်လက်ကျဆင်းလာပြီး ကိုးလအတွင်းအနိမ့်ဆုံးသို့ ရောက်ရှိလာကြောင်း ပြည်တွင်းသတင်းဌာနများကထုတ်ပြန်ထားသည်။

စက်တင်ဘာလ ၅ ရက်တွင် RON 92 အမျိုးအစားဓာတ်ဆီတစ်လီတာလျှင်ဒေါ်င် ၃၆၀ ကျဆင်းပြီး ဒေါင် ၁၉၉၇၀ ဖြင့်တည်ရှိနေသည်။ RON 95 အမျိုးအစားမှာ ဒေါင် ၂၈၀ ကျဆင်းပြီး ဒေါင် ၂၀၈၂၀ ဖြင့်တည်ရှိနေသည်။

အလားတူ ဒီဇယ်ဈေးနှုန်းမှာတစ်လီတာလျှင်ဒေါင် ၃၈၀ ကျဆင်းကာ ဒေါင် ၁၈၀၉၀ ဖြင့်ရပ်တည်နေသည်။ ဗီယက်နမ်နိုင်ငံသည် ယခုနှစ်စမှစ၍ ဓာတ်ဆီဈေးနှုန်းများကို ၃၅ ကြိမ်တိုင်တိုင်ပြောင်းလဲမှုလုပ်ဆောင်ထားကြောင်းသိရသည်။

Ref: Xinhua

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌာနချုပ်ရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့်ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိပါသည်။

